# ဒေါ့ (ထ်) ယုံကြည်ခြင်းစံနှုန်းများ

ယညေသညှ သိ်သမိအ

(Reformed Faith)

**ဘာသာပြန်သူ**

**သိက္ခာတော်ရဆရာဆန်ကျဲဦးလွယ်**

**(အသင်းတော်တွင်းကန့်သတ်)**

## ယုံကြည်ခြင်းစံနှုန်းများ

## (CANONS)

**၁၆၁၈–၁၆၁၉ ခုနှစ်တွင် ဒေါ့ (ထ်) ရန်အရပ် (Dordrecht) ၌ကျင်းပသည့်**

**ပြန်လည်ပြုပြင်သော အသင်းတော်များ၏**

**အထွေထွေညီလာခံကြီးတွင် တရားဝင်အတည်ပြုခဲ့သည်။**

ဂဂဂဂဂဂဂဂဂဂဂ

### သွန်သင်ခြင်းအယူဝါဒ ခေါင်းစဉ်ကြီး (၁)

ဂဂဂဂဂဂဂဂဂဂဂ

### ဘုရားသခင်၏ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်း

**စာပိုဒ် (၁)** လူသားတိုင်း အာဒံအားဖြင့် အပြစ်ပြုလုပ်သူများဖြစ်ကြရာ အယောက်တိုင်းသည် ကျိန်ခြင်း အောက်သို့ ရောက်နေကြလျှက် ထာဝရသေခြင်းကို ခံစားထိုက်သူများ ဖြစ်ကြပေသည်။ ထိုသို့ လူသား တိုင်းအား ပျက်စီးခြင်းထဲ၌၄င်း၊ သူတို့၏အပျက်များအတွက်ကြောင့် ပြစ်ဒါဏ်ချမှတ်ခြင်း ခံရသည့် အခြေအ နေ၌၄င်း၊ ထားရှိခြင်းတွင် ဘုရားသခင်သည် မဖြောင့်မတ်သောအရာကို ပြုနေခြင်းမဟုတ်ပါ။တမန်တော်ကြီး၏ စကားလုံး များဖြင့် ပြောရလျှင် ရောမ ၃း၁၉ "ထိုသို့ဖြစ်၍ လောကီသားအပေါင်းတို့သည် စကားတစ်ခွန်းကိုမျှ မပြောနိုင်ဘဲ ဘုရားသခင်ရှေ့တော်မှောက်၌ အပြစ်သင့်သော သူဖြစ်ကြ၏ " ထို့နောက် အခန်းငယ် (၂၃) တွင် " အဘယ် ကြောင့် နည်းဟူမူကားလူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင်၏ ရှေ့တော်မှောက်၌ အသရေပျက်ကြပြီ။" ထိုအပြင် ရောမ ၆း၂၃ ၌"အပြစ်တရား၏ အခကား သေခြင်းပေတည်း။" ဟူ၍ဖြစ်၏။

**စာပုဒ် (၂)** **ထိုသို့ဖြစ်သော်လည်း ဘုရားသခင်၏ သားတော်ကို ယုံကြည်နေသောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက် ထာဝရအသက်ကို ရစေခြင်းငှာ ဘုရားသခင်သည် တပါးတည်းသော သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသောအရာ၌ ကျွန်ုပ်တို့ကို ချစ်တော်မူသော မေတ္တာတော်သည် ထင်ရှားလျှက် ရှိသည်။

**စာပုဒ် (၃)** ထို့အပြင် လူသားတို့သည် ယုံကြည်ခြင်းသို့ ပို့ဆောင်ခြင်းကို ခံကြရမည်အကြောင်း၊ ဘုရားသခင်သည် ဂရုဏာတော်ဖြင့် ထိုဝမ်းမြောက်စရာ အကောင်းဆုံး သတင်းကို ကြားပြောကြမည့် စေတမန်များအား အလိုတော်ရှိသော သူတို့ထံသို့၊ အလိုတော်ရှိသောအချိန်တွင် စေလွှတ်တော်မူ၏။ ထိုစေတမန်များ၏ အမှုတော်ဆောင်မှုအားဖြင့် လူသားတို့သည် နောင်တရခြင်းသို့၄င်း၊ လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲသော သခင်ခရစ်တော်အား ယုံကြည်ခြင်းသို့၄င်း ခေါ်ဆောင်ခြင်းကို ခံကြရပေသည်။ရော ၁၀း၁၄-၁၅ **သို့ရာတွင် မယုံကြည်လျှင် အဘယ်သို့ ပဌနာပြုကြမည်နည်း။ သိတင်းမကြားလျှင် အဘယ်သို့ ကြားနိုင်မည်နည်း။
ဟောပြောသူ မရှိလျှင် အဘယ်သို့ ကြားနိုင်မည်နည်း၊ လူကို မစေလွှတ်လျှင် အဘယ်သို့ ဟောပြောနိုင်မည်နည်း။✡✡

**စာပုဒ် (၄)** ဤဧဝံဂေလိတရားကိုယုံကြည်ကြသော သူများအပေါ်၌ ဘုရားသခင်၏ အမျက်တော်သည် တည်ရှိလျှက်ရှိသည်။သို့သော် ကယ်တင်ရှင် သခင်ယေရှုအား စစ်မှန်၍ အသက်ရှည်သော ယုံကြည်ခြင်းဖြင့် လက်ခံကြသော သူတို့သည် ထိုကယ်တင်ရှင်၏ ကယ်လွှတ်မှုကြောင့် ဘုရားသခင်၏ အမျက်တော်မှ၄င်း၊ ပျက်စီးခြင်းထဲမှ၄င်းလွတ်မြောက်ကြလျှက် နင်းတို့ထံသို့ ပေးအပ်သည့် ထာဝရ အသက်တည်းဟူသော ဆုလာဒ်ကို ရရှိကြပေသည်။

**စာပုဒ် (၅)** မယုံကြည်သော အပြစ်ကို ဖြစ်ပွားစေသော အကြောင်း (သို့) ဆိုးညစ်ခြင်းသည်၄င်း၊ အခြားသော အပြစ်တို့ကို ဖြစ်ပွားစေသော အကြောင်းသည်၄င်း ဘုရားသခင်မဟုတ် လူသားပင်ဖြစ်သည်။ အခြား တစ်ဖက်တွင်မူကား သခင်ယေရှုခရစ်တော်အား ယုံကြည်ခြင်းသည်၄င်း၊ ထိုသခင်အားဖြင့် ရရှိသော ကယ်တင်ခြင်း သည်၄င်း ဘုရားသခင်ပေးသနားသော ဆုကျေးဇူးသာဖြစ်တော့၏။ သမ္မာကျန်းစာက ဤသို့ပြောပါသည်။
**ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏၊ ကိုယ်အလိုလျှောက် ရောက်သည် မဟုတ်၊ ဘုရားသခင် သနားတော်မူရာ (ဘုရားသခင် ပေးသောဆုလာဒ်) ဖြစ်သတည်း✡✡ ဧဖက် ၂း၈။
** သင်တို့သည် ခရစ်တော်အတွက်ကြောင့် ယုံကြည်ခြင်းအခွင့်ကိုသာလျှင် ရရှိကြသည် မဟုတ်ပေ၊ -----✡✡ ဖိ ၁း၂၉။

**စာပိုဒ် (၆)** အချို့သော သူများသည် ဘုရားသခင်ထံတော်မှ ယုံကြည်ခြင်းဟူသော လက်ဆောင်ကို ရရှိကြပြီး၊ အချို့သောသူတို့သည် ထိုလက်ဆောင်ကို မရရှိကြပါ။ဤအကြောင်းအရာသည် ဘုရားသခင်၏ ထာဝရစီရင်တော် မူ ချက်မှ ထွက်ပေါ်လာသော အရာဖြစ်တော့၏။ ** ဘုရားသခင်သည် ကမ္ဘာဦးမှစ၍ မိမိစီရင်တော်မူသမျှသော အရာတို့ကို သိတော်မူ၏✡✡ တမန် ၁၅ း ၁၈ ။ ** မိမိစေတနာ၏ အလိုတော်သို့လိုက်၍ အလုံးစုံတို့ကို စီရင်ပြုပြင် တော်မူ တတ်သောသူ၏ ကြံစည်ခြင်းရှိသည့်အတိုင်း ✡✡ ဧဖက် ၁း၁၁။ ထိုစီရင်တော်မူချက် အတိုင်း ရွေးကောက်ခြင်းခံရသူတို့၏ စိတ်နှလုံးများသည် မည်မျှပင် မာကျောနေစေကာမူ ၊ ဘုရားသခင်သည် ကျေးဇူးတော်ကြွယ်ဝစွာနှင့်ပင် ၎င်းတို့၏ စိတ်နှလုံးများကို ပျော့ပြောင်းစေလျှက် ယုံကြည်ခြင်းသို့ တိမ်းညွှတ် စေတော်မူ၏။တချိန်တည်းတွင် ရွေးကောက်ခြင်းမခံရသူများကို ဘုရားသခင်သည် မိမိ၏ဖြောင့်မတ်သော စီရင်မှုဖြင့် ၊ ၎င်းတို့ကျူးလွန်ကြသော ဆိုးညစ်ခြင်းများနှင့် ခေါင်းမာခြင်းအတွင်း၌ ထားရှိခဲ့ပေသည်။ဤနေရာ၌ပင် အပြစ်တရားအတွင်း၌ တူညီစွာ ကျဆုံးနေကြသော လူသားများအကြား ဘုရားသခင်ပြုတော်မူသည့် နက်နဲလှသော ၊ ဂရုဏာကြွယ်ဝလှသော ၊ တစ်ချိန်းတည်းတွင် ဖြောင့်မြတ်လှသော ခွဲခြားတော်မူခြင်းကို တွေ့ရသည်။သို့မဟုတ် ဘုရားသခင်၏ နုတ်ကပတ်တော် အတွင်းတွင် ဖွင့်ပြနေသော ဘုရားသခင်၏ ရွေးကောက်တော်မူခြင်းနှင့် ငြင်းပယ်တော်မူခြင်း စီရင်ချက် ဆိုသည့် အမှန်တရားကို တွေ့ရ၏။ဆင်ခြင်တုံတရားမဲ့သောသူတို့သည် မသန့်ရှင်းသော တည်ငြိမ်မှု မရှိသော စိတ်နှလုံးများဖြင့် မိမိတို့ဘာသာမိမိတို့ ပျက်စီးရာသို့ ရောက်ဘို့ရာ ဤအမှန်တရားကို ကြိုးစားဆန့်ကျင်နေကြပါသော်လည်း သန့်ရှင်းသော ဘုရားတရား ကြည်ညိုသောသူတို့အဖို့မူ ဤအမှန်တရားက စကားလုံးများဖြင့် ပြော၍ပင်မရသော နှစ်သိမ့်မှုမျိုးကိုပေးပါသည်။

**စာပိုဒ် (၇)** ရွေးကောက်ခြင်းဆိုသည်မှာ ဘုရားသခင်၏ မပြောင်းလဲနိုင်သော ရည်ရွယ်ချက်ပင် ဖြစ်၏။ထို့သို့ အားဖြင့် ဘုရားသခင်သည် ကမ္ဘာမတည်မရှိမှီကပင် မိမိ၏ အစိုးရတော်မူသော ကျေနပ်ခြင်း စေတနာ အလိုတော်အားဖြင့် ကျေးဇူးတော်သက်သက်ကြောင့်၊ ရိုးသားဖြောင့်မတ်သော မူလအခြေအနေမှ အပြစ်တရားနှင့် ပျက်စီးခြင်းတို့အတွင်း၌ ကျဆုံးနေကြသည့်လူသားတရပ်လုံးထဲမှ အရေအတွက်တိကြသည့် လူအချို့တို့ကို သခင် ခရစ်တော်အားဖြင့် ကယ်တင်ခြင်း ရရှိနိုင်ကြဘို့ရန် ရွေးကောက်တော်မူ၏။ထိုသခင် ခရစ်တော်အား ဘုရားသခင် သည် ထာဝရကာလမှပင် စတင်၍ ကယ်တင်ခြင်း၏ အခြေခံအုတ်မြစ်အဖြစ်၄င်း ရွေးကောက်တော်မူခြင်း ခံရသူတို့ ၏ ဦးခေါင်းအဖြစ်၄င်း၊ ကြားဝင်ဖြန်ဖြေပေးသူအဖြစ်၄င်း ခန့်အပ်တော်မူ၏။

ဤသို့ရွေးကောက်တော်မူခြင်း ခံရသူတို့သည် ပင်ကိုယ်ဇာတိအားဖြင့် အခြားသူများထက် ပို၍ ကောင်းမြတ်သူများ မဟုတ်သကဲ့သို့ ၊ အခြားလူများထက်ပို၍ ကောင်းမြတ်သူများမဟုတ်သကဲ့သို့ အခြားသူများ ထက်ပို၍ ထိုက်တန်သူများလည်း မဟုတ်ကြပါ။သူတို့သည်လည်း အခြားသူများနည်းတူ အပြစ်တရား၏ ဒုက္ခ ဆင်းရဲကို ခံကြသူများပင် ဖြစ်ကြပါသည်။ထိုသို့သော အခြေအနေမှ ဘုရားသခင်သည် ၎င်းတို့ကို သခင်ခရစ်တော် အားဖြင့် ကယ်တင်ခြင်းကို ရရှိကြရန် ထိုသခင်ထံသို့ ပေးအပ်တော်မူမည့်အကြောင်း အမိန့်တော်ချမှတ်တော်မူ၏။ ထိုအပြင် ဘုရားသခင်သည် သူ၏ ဝိညာဉ်တော်နှင့်နုတ်ကပတ်တော်အားဖြင့် ထိုရွေးကောက်ခြင်းခံရတို့ကိုထိ ရောက်စွာ ခေါ်တော်မူလျှက် ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းကို ရရှိစေတော်မူမည့်အကြောင်း အမိန့်တော် ချမှတ်တော်မူ၏။ ထိုသို့သောအားဖြင့် ၎င်းတို့အပေါ်သို့ ယုံကြည်ခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်တို့ကို အပ် နှင်း ပေးအပ်တော် မူမည့်အကြောင်း စီရင်တော်မူ၏။ထို့အပြင် ဘုရားသခင်သည် ထိုရွေးကောက်ခြင်းခံရသူတို့ကို သားတော်နှင့် မိတ်သဟာယဖွဲ့ခြင်းအတွင်း၌ တန်ခိုးတော်ကြီးမားစွာနှင့် ကွယ်ကာ စောင်ထိန်းလျှက် ရှိ၏။ နောက်ဆုံးတွင် ဘုရားသခင်သည် သူ၏ ဂရုဏာတော်ကို ဖော်ထုတ်ပြသတော်မူသည့် အနေဖြင့်၄င်း၊ သူ၏ ကြီးကျယ်မြင့်မြတ်သော ကျေးဇူးတော်ကို လူတိုင်းက ချီးမွမ်းရန်အတွက်၄င်း ထိုရွေးကောက်ခြင်း ခံရသူတို့ကိုချီး မြှောက်တော်မူလိမ့်မည် ဖြစ်သတည်း။သမ္မာကျမ်းစာက ဤသို့ပြောထားပါသည်။**ငါတို့သည် ဘုရားသခင်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျှက် ၊ အပြစ်ကင်းလွတ်လျှက် ဖြစ်မည်အကြောင်း ၊ဤကမ္ဘာ မတည်ရှိမှီက ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်နှင့်အညီ ကောင်းကင်ဘုံနှင့်ဆိုင်သော အရာတို့၌ ခပ်သိမ်းသော ဓမ္မမင်္ဂလာ တို့ကို ခရစ်တော်အားဖြင့် ငါတို့အား ပေးသနားတော်မူသော ငါတို့သခင်ယေရှု ခရစ်တော်၏ ခမည်းတော် ဘုရား သခင်သည် မင်္ဂလာရှိတော်မူစေသတည်း။ထိုဘုရားသခင်သည် ချစ်တော်မူသော သားတော်ကြောင့် ငါတို့အား ပေးသနားတော်မူသော ကျေးဇူးတော်၏ ဘုန်းအသရေကို ချီးမွမ်းစေခြင်းငှာ ၊ ငါတို့သည် ယေရှုခရစ်အားဖြင့် သားအရာကို ရရှိမည့်အကြောင်း အလိုတော်ရှိသော စေတနာအတိုင်း ရှေးအဆွက ခွဲခန့်မှတ်သားတော်မူ၏✡✡ ဧဖက် ၁း၄-၆။ထို့အပြင် ရောမ ၈း၃၀ တွင် **ထိုသို့ ခွဲခန့်မှတ်သားသောသူတို့ကို ခေါ်တော်မူ၏။ခေါ်တော်မူသော သူတို့ကိုလည်း ချီးမြှောက်တော်မူ၏✡✡ ဟုပြောထားပါသည်။

**စာပိုဒ် (၈)** ရွေးကောက်တော်မူခြင်းနှင့် ပတ်သက်၍ ဘုရားသခင်အား ချမှတ်သည့် အမိန့်တော်အမျိုးမျိုး မရှိပါ။တစ်ခုတည်းသာရှိပေသည်။ဓမ္မဟောင်းကာလတွင်၄င်း၊ ဓမ္မသစ်ကာလတွင်၄င်း၊ မည်သူတို့သည် ကယ်တင် ခြင်းကို ရရှိမည် ဆိုသည့်အချက်များ အားလုံးအကျုံးဝင်သည့် တူညီသော အမိန့်တော်မြတ် တခုသာ ရှိပါသည်။ သမ္မာကျမ်းစာတော်မြတ်ကလည်း ဘုရားသခင် အလိုဆန္ဒ၏ အလိုတော်ရှိသော စေတနာစိတ်သည်၄င်း၊ ရည်ရွယ် ချက်သည်၄င်း၊ အကြံအစည်တော်သည်၄င်း၊ တခုတည်းသာ အမိန့်တော်အားဖြင့် ကျွန်ုပ်တို့ကို ကျေးဇူးတော်နှင့်၊ ဘုန်းတော်ထင်ရှားစေခြင်းသို့၄င်း၊ ကယ်တင်ခြင်းနှင့် ကယ်တင်ခြင်းကို ရောက်ရာလမ်းသို့၄င်း၊ ထာဝရကာလမှပင် ရွေးကော်ထားတော်မူ၏။ထိုကယ်တင်ခြင်း လမ်းပေါ်တွင် ကျွန်ုပ်တို့ လျှောက်လှမ်းနိုင်ကြဘို့ရန် ကြိုတင်၍ ခွဲခန့် မှတ်သားတော်မူခဲ့ပေသည်။

**စာပိုဒ် (၉)** ရွေးကောက်တော်မူရခြင်းသည် ယုံကြည်ခြင်းရှိမည်ဟု ကြိုတင်သိရှိ၍ ရွေးကောက်ရခြင်း မဟုတ်ပါ။ ယုံကြည်ခြင်းကို နာခံလိုက်လျှောက်လိမ့်မည်။သန့်ရှင်းသော အသက်တာနှင့် နေထိုင်လိမ့်မည် စသည့်အကြောင်းများ နှင့် အခြားသော လူသားတို့ထံတွင် ရှိနေသည့် ကောင်းမြတ်ခြင်းများ အခြေအနေများအပေါ် တည်မှီ၍ရွေးကောက်ထားခြင်းမဟုတ်ပါ။ထိုအရာများသည်ရွေးကောက်ခြင်းခံရဘို့ရန် ကြိုတင်လိုအပ်ချက်များလည်း  မဟုတ်ကြပါ။ထိုမှခြားနားစွာ လူသားတို့သည် ယုံကြည်ခြင်းသို့၄င်း၊ ယုံကြည်ခြင်းကို နာခံလိုက်လျှောက်ဘို့ရန်၄င်း၊ သန့်ရှင်းစွာ နေထိုင်သူ ဖြစ်လာဘို့ရန်၄င်း ရွေးကောက်ခြင်းကို ခံကြရပေသည်။ထို့ကြောင့် ရွေးကောက်တော် မူခြင်းသည် ကယ်တင်ခြင်းကြောင့် ခံစားရရှိသော ကောင်းမြတ်ခြင်းများအားလုံးတို့ ထွက်ပေါ်လာရာစမ်းရေပေါက် ဖြစ်ပေသည်။ဤရွေးကောက်တော်မူခြင်း၏ အသီးအပွင့်နှင့် အကျိုးရလာဒ်များဖြစ်ကြသည့် ယုံကြည်ခြင်း သန့်ရှင်းသော အသက်တာ၌နေထိုင်ခြင်းတို့သည် ၄င်း အခြားသောကယ်တင်ခြင်း ဆုကျေးဇူးမှန်သမျှတို့သည်၄င်း၊ နောက်ဆုံးတွင် ထာဝရအသက်သည်၄င်း ထိုစမ်းရေပေါက်မှ ထွက်ပေါ်လာ၏။ဤအကြောင်းကို တမန်တော်ကြီးက လည်း **ငါတို့သည် ဘုရားသခင်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျှက် အပြစ်ကင်းလွတ်မည်အကြောင်း ---- ရွေးကောက်ထားတော်မူ၏(သန့်ရှင်း၍ ရွေးကောက်ခြင်းမဟုတ် သန့်ရှင်းလာရန် ရွေးကောက်ခြင်း)✡✡ ဟု ဧဖက် ၁း၃ တွင် ပြောထားသည်။

**စာပိုဒ် (၁၀)** ဘုရားသခင်၏ အလိုတော်ရှိသော စေတနာစိတ်သည်သာ ဤကျေးဇူးတော်နှင့် ပြည့်စုံလှသော ရွေးကောက်တော်မူခြင်းကို ဖြစ်ပွားစေသော အဓိက အကြောင်းအရင်းဖြစ်ပေ၏။ထိုရွေးကောက်တောမူခြင်းသည် လူသားတို့ဘက်က ပြုလုပ်နိုင်ကောင်းမည့် ကောင်းမြတ်သော အရည်အချင်းများနှင့် လုပ်ဆောင်မှုများအပေါ် အခြေတည်၍ ဘုရားသခင်သည် အချို့သောသူတို့ကို ကယ်တင်ခြင်းရရန် ရွေးကောက်ခြင်း မဟုတ်ဘဲ ဘုရား သခင်သည် သာမန်အပြစ်သားများထဲမှ အချို့တို့ကို မိမိ၏ ထူးခြားသောသူများ (ပိုင်ထိုက်တော်မူသောသူများ) အဖြစ် ရွေးကောက်တော်မူရန် အလိုဆန္ဒရှိလျှက် ရွေးကောက်ခြင်းဖြစ်ပေသည်။သမ္မာကျမ်းစာက ဤသို့ပြောထား ပါသည်။**ဘုရားသခင်၏ ရွေးကောက်တော်မူခြင်းနှင့် ယှဉ်သော အကြံတော်သည် အကျင့်အားဖြင့်မတည် ခေါ်တော်မူသောသူ၏ အလိုတော်အားဖြင့် တည်မည်အကြောင်း သားအဘွားမှီ ထိုသားတို့သည် ကောင်းသောအကျင့် မကောင်းသောအကျင့်ကို အကျင့်မှီ သားအကြီးသည် သားအငယ်၌ ကျွန်ခံရလိမ့်မည်ဟု ထိုမိန်းမအား ဗျာဒိတ်ပေးတော်မူ၏✡✡ (ဤစကားများကို ရေဗက္ကာထံသို့ ပြောခဲ့ခြင်းဖြစ်သည်)။**သားအကြီးသည် သားအငယ်၌ ကျွန်ခံရလိမ့်မည်၊ထိုသို့နှင့်အညီ ယာကုပ်ကို ငါချစ်၏၊ ဧသောကိုငါမုန်း၏ဟု ကျမ်းစာလာသတည်း✡✡ ရောမ ၉း၁၁-၁၃။ **ထာဝရအသက်ကို ရစေခြင်းငှာ ခန့်ထားတော်မူသောသူ ရှိသမျှတို့သည် ယုံကြည်ခြင်းသို့ ရောက်ကြ၏✡✡ တမန်၁၃း၄၈။

**စာပိုဒ် (၁၁)** ဘုရားသခင်သည် ဉာဏ်ပညာအရှိဆုံးသူ၊ အရာခပ်သိမ်းကို သိသောသူ၊အရာခပ်သိမ်းကို လုပ်ဆောင်နိုင်စွမ်းသူ ဖြစ်သောကြောင့် ဘုဂုားသခင်ပြုတော်မူသော ရွေးကောက်တော်မူခြင်းကို မည်သည်ကမျှ နှောင့်နှေးစေ၍မရ၊ ပြောင်းစေ၍မရ ရုပ်သိမ်း၍ (သို့) ဖျက်သိမ်း၍မရ ဖြစ်၏။ထို့အတူ ရွေးကောက်ခြင်းခံရ သူတို့ကို မည်သသကမျှ ပယ်၍မရ ၊ ၄င်းတို့၏ အရေအတွက်ကိုလည်း လျော့ပါးစေ၍ မရဖြစ်၏။

**စာပိုဒ် (၁၂)** ရွေးကောက်ခြင်း ခံရသောသူတို့သည် အချိန်တန်သောအခါ ထဝရဖြစ်သော မပြောင်းလဲနိုင်သော ရွေးကောက်တော်မူခြင်း၌ ပါဝင်သူများဖြစ်ကြောင်း သေချာစိတ်ချမှုကို ရရှိကြပါသည်။ထိုသို့ရရှိကြရာ၌ အမျိုးမျိုးသော အဆင့်များဖြင့်၄င်း၊ ကွဲပြားသော ပမာဏများဖြင့်၄င်း၊ ရရှိကြသည်။ထိုသို့ရရှိရန် ဘုရားသခင်၏ လျှို့ဝှက်ထားသော အရာများ၊ နက်ရှိုင်းသော မရာများတို့ကို စပ်စပ်စုစု ဆုတောင်းသောကြောင့် ရရှိခြင်း မဟုတ်ပါ။ သမ္မာကျမ်းစာက ဖေါ်ပြနေသည့် ရွေးကောက်ခြင်း၏ မမှားနိုင်သောရလာဒ် အသီးအပွင့်များဖြစ်သည့် အရာများကို ၄င်းတို့သည် ဝိညာဉ်ရေးနှင့်ဆိုင်သော ဝမ်းမြောက်မှု သန့်ရှင်းသော အလိုဆန္ဒတို့ဖြင့် လိုက်နာကြသောကြောင့် ရရှိခြင်းဖြစ်သည်။သမ္မာကျမ်းစာက ဖော်ပြနေသည့် ရွေးကောက်ခြင်း၏ မမှားနိုင်သော ရလာဒ် အသီးအပွင့်များမှာ -သခင်ခရစ်တော်အား စစ်မှန်သော ယုံကြည်မှုဖြင့် ယုံကြည်ခြင်း သားသမီးတို့က မိဘတို့ကို ချစ်သည့်အချစ်မျိုးဖြင့် ဘုရားသခင်အား ကြောက်ရွံ့ချစ်မြတ်နိုးခြင်း ဘုရားသခင်၏ အလိုတော်နှင့်ညီသော အပြစ်အတွက်ဝမ်းနည်းခြင်း၊ ဖြောင့်မတ်ခြင်းတရားကို ဆာငတ်တောင့်တခြင်း စသည်တို့ဖြစ်သည်။

**စာပိုဒ် (၁၃)** ဤရွေးကောက်တော်မူခြင်းဟူသော အမှန်တရားကို သိရှိသည့် အသိတရားနှင့် သေချာစေခြင်း တို့မှာ ဘုရားသခင်၏ သားသမီးများတို့သည် နေ့စဉ်နေ့တိုင်း မိမိတို့ကိုယ်မိမိတို့ ဘုရားသခင်၏ ရှေ့တော်မှောက် ၌ နှိမ့်ချစွာ နေထိုင်နေခြင်း အသက်တာကို ရရှိစေရန် လိုအပ်သည်များကို ထုတ်ယူရရှိကြ၏။ထို့အပြင် ဘုရားသ ခင်၏ နက်ရှိုင်းလှသော ဂရုဏာတော်များကို ချီးမွမ်းတတ်သည် အသက်တာ မိမိတို့ထံသို့ ကြီးမြတ်လှသော ချစ်ခြင်းမေတ္တာကို ဦးစွာဖော်ပြသူ ဘုရားသခင်ထံသို့ စိတ်အားထက်သန်လှသော ချစ်ခြင်းမေတ္တာကို ကျေးဇူး တုန့်ပြန်သည့် အနေနှင့် ပြန်လည်ပေးဆပ်တတ်ကြသည့် အသက်တာတို့ကို ရရှိနိုင်ရန် ခွန်အားများကိုလည်း နေ့စဉ်နေ့တိုင်း ရယူခံစားရပါသည်။ထို့ကြောင့် ရွေးကောက်တော်မူခြင်း အယူဝါဒအကြောင်းကို ဆင်ခြင်တွေးတော ကြသူတို့သည် ဘုရားသခင်၏ အမိန့်တော်များကို လိုက်လျှောက်ခြင်း၌ လေးကန်ဖင့်နွေးသူ ဖြစ်လာလိမ့်မည်၊ (သို့) ဇာတိအားဖြင့်သာ စိတ်ချနေသူ ဖြစ်စေလိမ့်မည် ဆိုးခြင်းမျိုးသည် လက်တွေ့အဖြစ်မှန်နှင့် ဝေးကွာလှပါသည်။ဘုရား သခင်၏ ဖြောင့်မှန်သော တရားစီရင်မှုအရ ထိုသို့ကျေးဇူးတော်အားဖြင့်သာ ရွေးကောက်ခြင်းရသည်ဆိုသော အမှန်တရားကို သေချာလေ့လာမှုမရှိဘဲ ပမာမထားသူ အပျင်းပြေနောက်ပြောင်သည့် သဘောမျိုးနှင့် မနှစ်မရှိသည့် စကားများကိုပြောဆိုသူသည် ရွေးကောက်ခြင်းခံရသူတို့၏ အသက်တာမျိုး၌ မလျှောက်လှမ်း အသက်မရှင်သူသာ ဖြစ်တော့သည်။

**စာပိုဒ် (၁၄)** ဘုရားသခင်၏ အမြင့်မားဆုံးသော ဉာဏ်ပညာ အကြံအစည်တော်အားဖြင့် ပြုတော်မူသော ဘုရားသခင်၏ ရွေးကောက်တော်မူခြင်း အယူဝါဒကို ပုရောဖက်များက ကြေညာခဲ့ကြသည်။သခင်ခရစ်တော် ကိုယ်တိုင်ကလည်း ကြေညာခဲ့၏။ထိုနောက် တမန်တော်များက ကြေညာခဲ့ကြ၏။ထို့အပြင် ဤအမှန်တရားကို သမ္မာ ကျမ်းစာတော်မြတ်အတွင်း ဓမ္မဟောင်းကျမ်းစာများ၌၎င်း၊ ဓမ္မသစ်ကျမ်းများ၌၎င်း ရှင်းလင်းစွာဖော်ပြထားသည်။ ထိုကြောင့် ဤအမှန်တရားကို ဘုရားသခင်၏ အသင်းတော်ကလည်း သင့်တော်သည့်အချိန် သင့်တော်သည့် နေရာ တွင် ဆက်လက်၍ အများသိအောင် ကြေညာသွန်သင်ရ ဦးမည်ဖြစ်သည်။ထိုသို့ဆောင်ရွက်ရာတွင် လေးစားခြင်းနှင့် ၄င်းဆင်ဆင်ခြင်ခြင်နှင့်၄င်း ဘုရားတရား ကြည်ညိုသောစိတ်နှင့်၄င်း ဘုရားသခင်၏ သန့်ရှင်းသော နာမတော် ဘုန်းတော်ထင်ရှားဖို့အတွက် ဆောင်ရွက်ရပါမည်။ထိုအပြင် အမြင့်ဆုံးသော ဘုရား သခင်၏ လျှို့ဝှက်သော နည်း လမ်းများကို စုံစမ်းစစ်ဆေးရုံမျှအချည်းနှီးဖြစ်သော ကြိုးစားအားထုတ်မှုဖြင့်သာ ဤအမှန်တရားကို သွန်သင်ရမည် မဟုတ်ပါ။ဘုရားသခင်၏ လူများနှစ်သိမ့်မှု ရရန်အတွက်၄င်း ရွှင်လန်းသော အသက်တာများ ရရှိကြရန်အတွက်၄င်း သွန်သင်ရမည်၏။တမန် ၂၀း၂၇။ ရောမ ၁၁း၃၃-၃၄၊ ၁၂း၃၊ ဟေဗြဲ ၆း၁၇-၁၈

**စာပိုဒ် (၁၅)** ထာဝရဖြစ်သော ထိုက်တန်ခြင်းဖြင့် မဟုတ်သော ကျေးဇူးတော်အားဖြင့်သာ ရွေးကောက်ခံရခြင်း ဆိုသည့်အမှန်တရားက ကျွန်ုပ်တို့အား ထူးခြားစွာ သရုပ်ဖော်သိသာစေသည့် အကြောင်းအရာနှင့် ထောက်ခံချက် ပေးနေသည့် အချက်ကို သန့်ရှင်းသော သမ္မာကျမ်းစာတော်မြတ်က အတိအလင်းပင် သက်သေခံဖော်ပြထားပါ သည်။၄င်းမှ အားလုံးသော လူသားတို့သည် ရွေးကောက်ခြင်းကို ခံရသည်မဟုတ် အချို့တို့ကိုသာ ရွေးကောက် သည် ဆိုသောအချက်ပင် ဖြစ်သတည်း။အချို့သောသူများ ရွေးကောက်ခြင်းခံရစဉ်တွင် အခြားသောသူတို့မှာ ဘုရား သခင်၏ ထာဝရ ရွေးကောက်တော်မူခြင်းထဲတွင် လစ်လျူရှုခြင်း ခံရသူတို့ကို ဘုရားသခင်သည် သူ၏ အစိုးရသော တရားမျှတဆုံးဖြစ်သော ကဲ့ရဲ့ပြစ်တင်၍ မရသော မပြောင်းလဲနိုင်သော စေတနာအလိုတော်အားဖြင့် မိမိတို့ဘာသာ မိမိတို့၏ ဆန္ဒအလျှောက် နေထိုင်အသက်ရှင်နေကြသော အပြစ်ဒုက္ခဆင်းရဲခြင်းအတွင်း၌ နေထိုင်ခြင်းဆိုသည့် အထဲ၌ထားပစ်ခဲ့ရန် အမိန့်တော်စီရင်ချက် ချမှတ်ခဲ့သည်။ထို့အပြင်ထိုသူများထံ ကယ်တင်ခြင်းသို့ ရောက်နိုင်သော ယုံကြည်ခြင်းကို၄င်း၊ကျေးဇူးတော်အားဖြင့်ပြောင်းလဲခြင်းကို၄င်းပေးအပ်ခြင်းမပြုရန်အမိန့်တော်စီရင်ချက်ချမှတ်ခဲ့ပါသည်။ထို့အပြင်၄င်းတို့သည်မိမိတို့၏ဆန္ဒအလိုများနောက်သို့လိုက်သွားကြခြင်းအသက်တာအတွင်း၌ချန်ထားပစ်ခဲ့ရန်ဘုရားသခင်သည်သူ၏တရားမျှတသောစီရင်ချက်အတွင်း၌အမိန့်တော်စီရင်ချမှတ်ခဲ့ပါသည်။ နောက်ဆုံးသော အချိန်တွင်ဘုရားသခင်သည်သူ၏ဖြောင့်မတ်တော်မူခြင်းကိုကြေညာရန်အတွက်ထိုသူတို့ကိုထာဝရဒါဏ်ခတ်တော်မူ ခြင်း၌အပြစ်ဒါဏ်စီရင်ရဦးမည်ဖြစ်၏။ထိုသို့စီရင်သောအခါ၄င်းတို့၏မယုံကြည်မှုအတွက်သာမဟုတ်ဘဲတကယ်ကျူးလွန်ခဲ့ကြသောအခြားအပြစ်များအတွက်ပါစီရင်မည်ဖြစ်သည်။ဤသည်ကိုငြင်းပယ်တော်မူခြင်းအမိန့်တော်စီရင်ချက်ဟုခေါ်၏။ဤအမှန်တရားကဘုရားသခင်သည်အပြစ်တရားကိုဖြစ်ပွားစေသူမဖြစ်စေပါ(ထိုသို့သောအတွေးသည်ပင်ကျိန်ခြင်းကို ခံထိုက်ပါသည်) သို့သော်ဤအမှန်တရားက ဘုရားသခင်သည် ကြောက်ရွံ့ဖွယ်ကောင်းသော၊ ပြစ်တင် ကဲ့ရဲ့ ၌မရသောဘုရားဖြစ်ကြောင်း၊ ဖြောင့်မတ်သော တရားသူကြီးနှင့် ဖြောင့်မတ်သော လက်စားချေသူ ဖြစ်ကြောင်း၊ ကြေညာပြောကြားပါသည်။

**စာပိုဒ် (၁၆)** သခင်ခရစ်တော်ထံ၌ ရှင်သန်သော ယုံကြည်ခြင်း အတွေ့အကြုံကို၄င်း၊ဝိညာဉ်အထဲ၌ သေချာစိတ်ချ မှုကို၄င်း၊ သြတ္တပ္ပ စိတ်၏ငြိမ်သက်မှုကို၄င်း၊ ဘုရားသခင်၏ အလိုတော်ကို ချစ်မြတ်နိုးလျှက် စိတ်အားထက်သန်စွာ နာခံလိုက်လျှောက်ချင်သော ကြိုးပမ်းမှုကို၄င်း၊ သခင်ခရစ်တော်အားဖြင့် ဘုရားသခင်၏ ဘုန်းတော်အား ချီးမွမ်းခြင်းကို၄င်း ရရှိခံစားနိုင်ကြဘို့ရန် ဘုရားသခင်၏ အကျိုးသက်ရောက်မှုရှိသော ပြုပြင်ခြင်းကို ခံရပြီးသောသူတို့ ဖြစ်ကြသော်လည်း၊ ထိုကျေးဇူးများကို ပြည့်ဝစွာမခံစားရသေးသူများ၊ ထိုသို့မခံစားရသေးသော် လည်း ကျေးဇူးတရားများ ကျွန်ုပ်တို့၏ အသက်တာသို့ ရောက်ရှိလာစေရန် ဘုရားသခင်က ခန့်အပ်ထားသည့် နည်းလမ်းများကို ဆက်လက်လိုက်နာကြသူများသည် **ဘုရားသခင်၏ ငြင်းပယ်တော်မူခြင်း✡✡ ဆိုသည့် အမှန်တရား ကို ဖော်ပြခြင်းကြောင့် အံ့သြထိန့်လန့်မှု မရှိသင့်ပါ။မိမိတို့ကိုယ်ကိုယ်လဲ ငြင်းပယ်ခြင်းခံရသူများနှင့် တတန်းတစ် စားတည်း ဖြစ်သည့်သည်ဟု မမှတ်ယူသင့်ကြပါ။ထိုမှ ဆန့်ကျင်လျှက် ကျေးဇူးတော်များ ရရှိနိုင်သော နည်းလမ်းများကို ကြိုးစားဇွဲရှိ စွဲမြဲစွာ ဆက်လက်အသုံးပြုကြပါမည်။ထက်သန်သော ဆန္ဒများဖြင့် ဘုရားတရား ကြည်ညိုစွာ နှိမ့်ချစွာသာ၍ ကြွယ်ဝသော ကျေးဇူးတော်များ ရောက်ရှိလာမည့်အချိန်ကို စောင့်စားကြ ရပါမည်။ ထို့အပြင် ဘုရားသခင်ထံသို့ အသက်တာများ ပြန်လည်ဘို့ရန် လေးနက်စွာ ဆန္ဒရှိသူများ ဘုရားသခင်၏ စိတ်သဘောကျ ကျေနပ်မှုကိုသာ ပြုချင်သူများ သေခြင်းတရား၏ ဇာတိခန္ဓာကိုယ်မှ လွတ်မြောက်ခြင်သူများ ၊ ထိုသို့ ဆန္ဒများရှိကြသော်လည်း မိမိတို့က အာသီသ ပြင်းပြစွာ ရရှိလိုသည့် ယုံကြည်ခြင်းနှင့် သန့်ရှင်းခြင်း အသက်တာသို့ ဖြစ်ရခြင်းမှာ သဘာဝကြောင့် မဟုတ်ပါ။ကျေးဇူးတော်ပဋိညာဉ်၏ ကောင်းမြတ်ခြင်းကြောင့် ထိုပဋိညာဉ်တွင် သူတို့ သည် မိဘများနှင့်အတူ ပါဝင်ကြပါသည်။ဘုရားသခင်က ကျေနပ်တော်မူ၍ ငယ်စဉ်ဘဝတွင် ဤလောကမှ ခေါ် ထုတ်သွားသော ကလေးငယ်များ၏ ရွေးကောက်တော်မူခြင်းနှင့် ကယ်တင်ခြင်းအတွက် သူတို့သည် ဘာသာတရား မရောက်ရှိနိုင်ကြသေးသူများသည်လည်း ငြင်းပယ်တော်မူခြင်း အယူဝါဒကြောင့် ကြောက်ရွံ့ထိတ်လန့်မှု မရှိသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ဂရုဏာကြွယ်ဝတော်မူသည့် ဘုရားသခင်က **နင်းနယ်လျှက်ရှိသော ကျူပင်ကို မချိုး၊ မီးခိုးများသော မီးစာကိုမသတ် ✡✡ ဟူ၍ ဂတိတော်ပေးအပ်ထားသောကြောင့် ဖြစ်သည်။သို့သော် ကယ်တင်ရှင် သခင်ယေရှုခရစ်တော်ကို၄င်း၊ ဘုရားသခင်ကို၄င်း၊ ဂရုမစိုက်သောသူများ၊ ဤကမ္ဘာလောက၏ တက်မက်မှုများ ဤလေက အကြောင်းအရာများအတွင်း၌ မိမိတို့ကိုယ်ကို မြုတ်နှံအသက်ရှင်သူများ၌သာ ဘုရားသခင်ထံသို့ အလေးအနက် မပြောင်းလဲကြသေးသရွေ့ ဤငြင်းပယ်တော်မူခြင်း အမှတ်တရားက အမှန်တကယ်ပင် ကြောက်ရွံ့မှု ကို ဖြစ်ပွားစေပါသည်။

**စာပိုဒ် (၁၇)** ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်ကို သူ၏နုတ်ကပတ်တော်မှ နေ၍သာ ဆုံးဖြတ်ကြရ ပါမည်။နုတ်ကပတ်တော်က သက်သေခံနေသည်မှာ ယုံကြည်သူတို့၏ သားသမီးတို့သည် သန့်ရှင်းကြ၏။ ထိုသို့ ကိုင်းရှိုင်းသော မိဘများအနေနှင့် သံသယဖြစ်စရာအကြောင်း တခုမျှမရှိပါ။

**စာပိုဒ် (၁၈)** လွတ်လပ်သော ရွေးကောက်တော်မူခြင်း ကျေးဇူးတော်နှင့် ဖြောင့်မြတ်တော်မူသော ပြင်းတန် လှသည့် ငြင်းပယ်တော်မူခြင်း အကြောင်းတို့အပေါ် ညီးတွားကြသူများကို ကျွန်ုပ်တို့က တမန်တော်ကြီးနှင့်အတူ အဖြေပေးချင်မှာ **ဘုရားသခင်ကို ငြင်းဆန်သောအချင်းလူ သင်သည်ကား အဘယ်သူနည်း✡✡ ရောမ ၉း၂၀ ဟူ၍ ဖြစ်ပြီး ဆက်လက်၍ ကျွန်ုပ်တို့ ကယ်တင်ရှင်၏စကားကို ကိုးကား၍အဖြေပေးပါသည်၊-

**ဘုရားသခင်၏ပညာနှင့် ဉာဏ်တော်သည် အလွန် ကျယ်ဝန်းနက်နဲစွတကား၊ စီရင်တော်မူချက်တို့ကို အဘယ်သူမျှစစ်၍မကုန်နိုင်၊ ကြွတော်မူရာလမ်းတို့ကို လိုက်ရှာသော်လည်း မတွေ့မမှီနိုင်။ထာဝရဘုရားသခင်၏ စိတ်တော်ကို အဘယ်သူသိသနည်း၊ ထာဝရဘုရားနှင့် အဘယ်သူသည် ကျေးဇူးပြုဘူးသနည်း။ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော်အထဲကငှင်း၊ ကိုယ်တော်အားဖြင့်ငှင်း၊ ကိုယ်တော်အဘို့အလို့ငှာငှင်း ဖြစ်ကြ၏။ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်✡✡ ရောမ ၁၁း၃၃-၂၆။

---

ရွေးကောက်တော်မူခြင်း၊ ငြင်းပယ်တော်မူခြင်းတို့နှင့် သက်ဆိုင်သော မှန်ကန်သည့်

အယူဝါဒကို ရှင်းလင်းဖော်ပြပြီးနောက် အထွေထွေညီလာခံကြီးက အောက်တွင်

ဖေါ်ပြထားသည့် မှားယွင်းသော သွန်သင်ခြင်းများကို ပယ်ချခဲ့ပါသည်။

## (၁)

ယုံကြည်လာမည့်သူများ ၊ ယုံကြည်ခြင်း၌ ဖွဲ့ရှိစွာ အသက်ရှင်သွားမည့်သူများ၊ ယုံကြည်ခြင်းကို နာခံမည့်သူများကို ဘုရားသခင်က ကယ်တင်ဘို့ရန် အလိုတော်ရှိသည်။ဤသည်ပင်လျှင် ကယ်တင်ခြင်းသို့ ရောက်စေသော ရွေးကောက်တော်မူခြင်း အမိန့်တော်စီရင်ချက်က ပြည့်စွာ ဖော်ပြချင်သော အကြောင်း ဖြစ်သည်။ထိုထက်ပို၍ ဤအမိန့်တော်စီရင်ချက်နှင့် ပတ်သက်၍ ဘုရားသခင်၏ နုတ်ကပတ်တော်က ထပ်မံဖော်ပြခြင်း မရှိတော့ပါဟု သွန်သင်ခြင်း။

ထိုသို့သွန်သင်သူများသည် ရိုးသားသူများကို လိမ်လည်လှည့်ဖြားသူများ၊ သမ္မကျမ်းစာကို အတိအလင်း ဆန့်ကျင်သူများဖြစ်ကြသည်။သမ္မကျမ်းစာက ကြေညာသည်မှာ ဘုရားသခင်သည် ယုံကြည် လာဦးမည့် သူများကိုသာ ကယ်တင်သည်မဟုတ်ပါ။ထာဝရကာလကပင် တိကျသော အရေအတွက်ရှိသည့် သီးသန့်ဖြစ်သော လူတို့ကို အခြားလူများအထက်၌ ရွေးချယ်ခဲ့ပါသည်။ထိုသူများကို ဘုရားသခင်သည် အချန်ကာလပြည့်စုံသောအခါ သခင်ယေရှုယုံကြည်ခြင်း ဆိုသည့်အရာနှင့် ဖွဲ့ရှိစွာ နေထိုင်အသက်ရှင်ခြင်း ဆိုသည်တို့ကို ပေးတော်မူလိမ့်မည်ဖြစ်သည်။ဤအမှန်တရားကို သမ္မကျန်းစာကလည်း ဤသို့ဖော်ပြထား ပါသည်။**ဤလောကထဲမှနုတ်ယူ၍ အကျွန်ုပ်၌ ပေးအပ်သူတို့အား အကျွန်ုပ်သည် ကိုယ်တော်၏ နာမတော်ကို ပြပါပြီ✡✡ယော၁၇း၆။**ထာဝရအသက်ကို ရစေခြင်းမှာ ခန့်ထားတော်မူသောသူ ရှိသမျှတို့သည် ယုံကြည်ခြင်းသို့ ရောက်ကြ၏✡✡ တမန် ၁၃း၄၈။ **ငါတို့သည် ဘုရားသခင်ရှေ့တော်မှောက်၌ မေတ္တာ အားဖြင့် သန့်ရှင်းလျှက် အပြစ်ကင်းလွတ်လျှက်ဖြစ်မည်အကြောင်း ၊ ဤကမ္ဘာမတည်မရှိမှီ ငါတို့ကို ခရစ် တော်၌ ရွေးကောက်တော်မူ၏✡✡ ဖေက် ၁း၃-၄။

## (၂)

ထာဝရအသက်ရရှိဖို့ရန် ဘုရားသခင်ထံ၌အမျိုးမျိုးသော ရွေးကောက်ခြင်းပုံစံများရှိသည်။ တစ်မျိုးသည် ယေဘုယျကြသော မတိကျ မသေချာသော ရွေးကောက်ခြင်း ဖြစ်သည်။ အခြား
တစ်မျိုးသည် အထူးသီးသန့်ဖြစ်သော တိကျသေချာသော ရွေးကောက်ခြင်းဖြစ်သည်။ဒုတိယအမျိုးစားသည် လက်တွေ့တွင် ပြည့်စုံချင်မှ ပြည့်စုံလာမည်၊ ရုတ်သိမ်းနိုင်သည့် တိကျသည့် ပြည်စုံလှသည့် ရွေးကောက် ခြင်းမျိုး ဖြစ်သည်ဟု သွန်သင်ခြင်း ထို့အတူ ရွေးကောက်ခြင်းသည် ယုံကြည်ခြင်းသို့ရောက်ရန် ရွေး ကောက်ခြင်းနှင့်ကယ်တင်ခြင်းတို့ရောက်ရန် ရွေးကောက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။ ထိုကြောင့်ရွေး ကောက်ခြင်း ဆိုသည်မှာ ကယ်တင်ခြင်းသို့ တိကျသေချာစွာ ရောက်ရှိရန်မဟုတ်ဘဲ ဖြောင့်မတ်စေသော ယုံကြည်ခြင်းသို့သာ ရောက်ရှိသည့် ရွေးကောက်ခြင်းဖြစ်နိုင်သည်ဟု သွန်သင်ခြင်း။

ဤသို့သောသွန်သင်ခြင်းသည် မှားယွင်းပါသည်၊ လူသား၏ စိတ်နှလုံးမှ စိတ်ကူးယဉ်ခြင်း နုတ်ကပတ်တောက်ကို လစ်လျူရှုသော တည်ထွင်ခြင်းသာဖြစ်သည်။ထိုသို့ သွန်သင်ခြင်းမျိုးက ရွေးကောက် တော်မူခြင်း အယူဝါဒ၏ အဓိပ္ပါယ်ကို ပျက်ပြားစေပါသည်။ကျွန်ုပ်တို့သည် ရွှေကဲ့သို့ တန်ဖိုးကြီးသော ကယ်တင်ခြင်းချိန်းကြိုးကို ပျက်စီးးစေပါသည်။**ထိုသို့ခွဲခန့်မှတ်သား နှင့်သောသူတို့ကို ခေါ်တော်မူ၏။ ခေါ်တော်မူသောသူတို့ကိုလည်း ဖြောင့်မတ်ရာရာ၌ တည်စေတော်မူ၏။ ထိုသို့တည်စေ သော သူတို့ကို လည်း ချီးမြှောက်တော်မူ၏။ (ရောမ ၈း၁၀)

## (၃)

သမ္မကျမ်းကဖော်ပြသည့် ရွေးကောက်တော်မူခြင်း အယူဝါဒ၌ရှိသော ဘုရားသခင်၏ ကောင်းမြတ်သော စေတနာနှင့် ရည်ရွယ်ချက်တွင် လူသားအားလုံးကိုမဟုတ်ဘဲ တိကျသော အရေ တွက်ရှိသည့် လူအချို့ကိုသာ ဘုရားသခင်ကရွေးကောက်တော်မူသည်ဆိုသော အချက်သည် အဓိက မကျပါ။ဖြစ်နိုင်စရာရှိသောခြွင်းချက်များမှနေ၍သာရွေးကောက်ခြင်းဖြစ်သည်။ထိုခြွင်းချက်များတွင် ပညတ် တော်များကို စောင့်ရှောက်ခြင်း အလုပ်လည်းပါဝင်နေသည်။) ဆိုသောအချက်ကသာ အဓိကကျပါသည်။ သို့မဟုတ်ပင်ကိုယ်ဇာတိသဘာဝကိုက ထိုက်တန်ခြင်းမရှိသောယုံကြည်ခြင်း ထို့အတူ အပြည့်စုံသော နာခံမှု စသည့် ကယ်တင်ခြင်းကို ရရှိနိုင်သော အစီအစဉ်တကျ ထားရှိသည့် အရာများသာ အဓိက ကျပါ သည်။ထိုသို့မပြည့်စုံသောနာခံမှုကိုပင် ဘုရားသခင်သည် ကျေးဇူးတော်အားဖြင့် ပြည်စုံသော နာခံမှုအဖြစ်မှတ်ယူလျက် ထာဝရအသက်တည်းဟူသော ဆုလာဒ်ကို ရရှိထိုက်သည့်အရာဟု ထည့်သွင်း စဉ်းစားပါမည်ဟု သွန်သင်ခြင်း။

ဤပျက်စီးစေသော မှားယွင်းစွာသွန်သင်ခြင်းက ဘုရားသခင်၏ စေတနာတော်ကိုငှင်း သခင် ယေရှု၏ ထိုက်တန်ခြင်းများကိုငှင်း၊ အကျိုးမရှိ အချည်းနှီးဖြစ်စေပါသည်။ဤသွန်သင်မှု၏ အသုံးမကြသော မေးခွန်းများကြောင့် လူအများသည် ကျေးဇူးတော်အားဖြင့်သာ ဖြောင့်မတ်ရာသို့ ရောက် နိုင်ခြင်းဆိုသည့် အမှန်တရာမှနေ၍ငှင်း သမ္မာကျန်းစာ၏ရှုပ်ထွေးမှု့ မရှိခြင်းမှနေ၍ငှင်း၊ သွေဖီသွားကြပါသည်။ထို့အပြင်

တမန်တော်များ၏ဖေါ်ပြပါကြေညာချက်ကို မမှန်မကန်ဖြစ်စေပါသည်။ **ဘုရားသခင်သည် ငါတို့ကျင့်သော အကျင့်ကို ထောက်တော်မမူ ရှေ့ကပ်ကာလမရောက်မှီ ယေရှုခရစ်တော်အားဖြင့် ငါတို့အဖို့ ကိုယ်တော် ကိုယ်တိုင် ကြံစည်တော်မူသော ကျေးဇူးတော်နှင့်အညီ ငါတို့ကို ကယ်တင်၍ သန့်ရှင်းသော အရပ်၌ ခေါ်သွင်း တော်မူ၏✡✡ (၂တိ ၁း၉)။

## (၄)

ယုံကြည်ခြင်းသို့ရောက်ရန် ရွေးကောက်ခံရသည်ဆိုရာ၌ အောက်တွင်ဖေါ်ပြထားသည့် ခြွင်းချက် များကို ပြည့်စုံရမည်ဟု တောင်းဆိုပါသည်။အမည်အားဖြင့် ဖေါ်ပြရလျှင် လူသားတို့ သူ့ထံ၌ ရှိနေသော သဘာဝ၏အလင်းရောင်ကိုမှန်ကန်စွာ အသုံးပြုရမည်။ ဘာသာတရား ကိုင်းရှိုင်းရမည်။ နှိမ့်ချရမည်။ နူးညံ့ သိမ်မွေ့ရမည်။ ထာဝရအသက်ရရှိနိုင်ရန် သင့်တော်သူဖြစ်ရမည်။ဤအချက်များပေါ်တွင် ရွေးကောက် တော်မူခြင်းသည် နည်းတဖုံ တည်မှီနေရန် သွန်သင်ခြင်း။
ဤ ပလဲဂျီးယပ် (စ်) ဆိုသူ၏ သွန်သင်ချက်သည် တမန်တော်ကြီး၏ အယူဝါဒကို ဆန့်ကျင်နေ ပါသည်။တမန်တော်ကဤသို့ရေးထားပါသည်၊- **ထိုငြင်းဆန်သောသူတို့နှင့်တကွ ငါတို့ရှိသမျှသည်ထက်က ကိုယ်ကာယ ၏အလိုသို့၄င်း၊ စိတ်၏အလိုသို့၄င်း၊ လိုက်သဖြင့် ကာမဂုဏ် တို့၌ ကျင်လည်သည်ဖြစ်၍ ကြွင်းသောသူတို့ကဲ့သို့ပင် ပကတိအတိုင်း အမျက်တော်ကို ခံရသောသူဖြစ်ကြ၏။သို့သော်လည်း ဂရုဏာ တော်နှင့် ကြွယ်ဝတော်မူသော ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသော မဟာဂရုဏာတော်အားဖြင့် ဒုစ ရိုက်အပြစ်၌ သေလျှက်ရှိသောငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှည်စေတော်မူပြီး ကျေးဇူးတော် ကြောင့်သာ ကယ်တင်ခြင်းသို့ရောက်ရ၏။ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍ ကောင်းကင် အရပ် ၌ နေရာပေး တော်မူပြီး အကြောင်းမူကား ထိုသခင်အားဖြင့် ငါတို့၌ ကျေးဇူးပြု၍ ကျေးဇူးတော်၏ အလွန် ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ ထင်ရှားစေမည့်အကြောင်း ဖြစ်သတည်း။ယုံကြည်ခြင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍ ကောင်း ကင်အရပ်၌ နေရာပေး တော်မူပြီး အကြောင်းမူကား ထိုသခင်အားဖြင့် ငါတို၌ ကျေးဇူးပြု၍ ကျေးဇူးတော်၏ အလွန်ကြွယ်ဝခြင်းကို နောင်ကပ်ကာလတို့၌ ထင်ရှားစေမည့်အကြောင်း ဖြစ်သတည်း။ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်း သို့ရောက်သည်မဟုတ် သို့ဖြစ်၍ အဘယ်သူမှ ကြွားဝါစရာ အခွင့်မရှိ ✡✡(ဧဖက် ၂း၃–၉)။

## (၅)

တိကျသော လူပုဂ္ဂိုလ်အချို့သည် မပြည့်စုံသော၊ ထိုအပြင် တိကျမှုမရှိသော ရွေးကောက်တော် မူခြင်းသည် ၄င်းတို့၏ တချိန်တစ်ခါ၌သာ စတင်ခဲ့ပြီး (သို့) ဆက်လက်တည်ရှိခဲ့သည့် ကြိုတင် သိမြင်ထား သော ယုံကြည်ခြင်း၊ ပြောင်းလဲခြင်း၊ သန့်ရှင်းသော အသက်တာ၌သာ နေထိုင်ခြင်း၊ ဘုရားတရားရိုသေ ကိုင်းရှိုင်းခြင်း၊ စသည်တို့ကြောင့်သာ ဖြစ်ပွားရသည်။သို့သော် ပြည့်စုံသော ထိုအပြင် တိကျသော ရွေးကောက်တော်မူခြင်းသည် ယုံကြည်ခြင်း၊ ပြောင်းလဲခြင်း၊ သန့်ရှင်းသော အသက်တာ၌ နေထိုင်ခြင်း၊ ဘုရားတရားရိုသေကိုင်းရှိုင်းခြင်းတို့တွင် အဆုံးတိုင်အောင် စွဲမြဲငြဲရှိစွာ တည်ရှိနေမည်ဟု ကြိုတင်သိမြင်ခြင်း ကြောင့် ဖြစ်ပွားရသည်။၄င်းကိုကျေးဇူးတော်နှ ပြည့်စုံသော ဧဝံဂေလိတရားနှင့်ဆိုင်သော ထိုက်တန်မှုဟုခေါ် သည်။ထို့အတွက်ကြောင့် ရွေးကောက်တော်မူခြင်းခံရသူသည် မခံရသောသူထက် ပို၍ထိုက်တန်မှု ရှိသော သူဖြစ်၏။ထိုကြောင့် ယုံကြည်ခြင်း၊ ယုံကြည်ခြင်းကိုနာခံခြင်း သန့်ရှင်းသော အသက်တာ၌ နေထိုင်ခြင်း စွဲမြဲရှိစွာ နေထိုင်ခြင်းတို့သည် ဘုန်းတော်ကြွယ်ဝရာသို့ ရောက်ရှိရန် မပြောင်းလဲနိုင်သော ရွေးကောက်တော် မူခြင်းကို ခံရခြင်း၏ အသီးအပွင့်များမဟုတ်ကြပါ။၄င်းတို့သည် ကြိုတင်ရှိနေရမည့် အခြေခံလိုအပ် ချက်များသာ ဖြစ်ကြပါသည်။၄င်းတို့သည် ပြည့်ဝစွာ ရွေးကောက်ခြင်း ခံရသူတို့ထံ၌ ကြိုတင်တွေမြင်ရသော အချက်များဖြစ်ကြသည်။၄င်းတို့သည် ဘုန်းတော်ကြွယ်ဝရာသို့ ရောက်ရှိရန် ရွေးကောက်တော်မူခြင်းကို ဖြစ်ပွားစေသော အချက်များဖြစ်ကြသည်။၄င်းတို့သည် ဘုန်းတော်ကြွယ်ဝရာသို့ ရောက်ရှိရန် ရွေးကောက် တော်မူခြင်းကို ဖြစ်ပွားစေသော အချက်များဖြစ်ကြသည်။၄င်းတို့သာ မရှိပါက ရွေးကောက်တော်မူခြင်းသည် မဖြစ်ပွားနိုင်ပါဟု သွန်သင်ခြင်း။

ထိုသွန်သင်ခြင်းသည် သမ္မာကျန်းစာတော်မြတ်အရ စက်စုပ်ဖွယ်ရာပင် ဖြစ်တော့သည်။ သမ္မာ ကျန်းစာက အောက်တွင်ဖော်ပြသည့် ကြေညာချက်မျိုးနှင့် တူညီသည့် ကြေညာချက်မျိုးကိုသာ အစဉ်အမြဲ ဖော်ပြနေပါသည်။**ဘုရားသခင် ရွေးကောက်တော်မူခြင်းနှင့်ယှဉ်သော အကြံတော်သည် အကျင့်အားဖြင့် မတည် ခေါ်တော်မူသောသူ၏ အလိုတော်အားဖြင့်တည်၏✡✡ ရောမ ၉း၁၁။**ထာဝရအသက်ကို ရစေခြင်းငှာ ခန့်ထားတော်မူသောသူ ရှိသမျှတို့သည် ယုံကြည်ခြင်းသို့ရောက်ကြ၏✡✡ တမန် ၁၃း၄၈။ငါတို့သည် ဘုရားသခင်ရှေ့တော်၌ မေတ္တာအားဖြင့် သန့်ရှင်းလျှက် အပြစ်ကင်းလွတ်လျှက်ရှိမည့်အကြောင်း၊ ဤကမ္ဘာ မတည်ရှိမှီ ငါတို့ကို ခရစ်တော်၌ ရွေးကောက်တော်မူသည်✡✡ဧဖက်၁း၄-၄။**သင်တို့သည် ငါ့ကို ရွေးကောက် ကြသည်မဟုတ်၊ငါသည် သင်တို့ကို ရွေးကောက်၏✡✡ယောဟ၁၅း၁၆။**ကျေးဇူးတော်အားဖြင့်ရှိလျှင် ကိုယ်ကျင့် သော အကျင့်အားဖြင့် မရှိ ✡✡ ရောမ၁၁း၆။**ငါတို့သည် ဘုရားသခင်ကို ချစ်ကြသည်ဟုမဆို။ ဘုရား သခင်သည် ငါတို့ကိုချစ်၍ ငါတို့၏အပြစ် ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာ သားတော်ကို စေလွှတ်သော အရာ၌ ချစ်ခြင်းမေတ္တာရှိ၏✡✡ ၁ယော ၄း၁၀။

## (၆)

ကင်တင်ခြင်းရရှိရန် ရွေးကောက်ခြင်းခံရမှုတိုင်းသည် အပြောင်းလဲနိုင်သောအရာ မဟုတ်ပါ။ ဘုရား သခင်၏ အမိန့်တော်ရှိနေစေကာမူ အချို့သော ရွေးကောက်တော်မူခြင်း ခံရသူတို့သည် ပျက်စီးခြင်းသို့ ရောက်နိုင်ကြပါသည်ဟု သွန်သင်ခြင်း။

ထိုသို့သွန်သင်ခြင်းသည် ကြီးစွာသော မှားယွင်းမှုဖြင့် ဘုရားသခင်ကို အပြောင်းအလဲပြုတတ်သူ ဖြစ်စေရာရောက်ပါသည်။ထို့အပြင်ရွေးကောက်တော်မူခြင်းအပေါ် ခိုင်မာစွာ ယုံကြည်သဖြင့် ဘုရားတရား ရိုသေကိုင်းရိုင်းသူများ ရရှိကြသောနှစ်သိမ့်ခြင်းကိုလည်း ဖျက်စီးရာရောက်ပါသည်။ထို့အပြင် ရွေးကောက် ခြင်း ခံရသူများသည် လမ်းမှားသို့ ရောက်ရှိရန် သွေးဆောင်ခြင်း မခံရနိုင်ပါ မဿဲ၂၄း၂၄။ခမည်းတော်က ပေးတော်မူသော သူတို့ကို သခင်ခရစ်တော်က မပျောက်စေပါ။ယော ၆း၃၉။ခွဲ့ခန့်မှတ်သားတော်မူသော

သူတို့ကိုခေါ်တော်မူ၏၊ ခေါ်တော်မူသောသူတို့ကိုလည်းဖြောင့်မတ်ရာ၌ တည်စေတော်မူ၏ ရောမ ၈း၃၀ ဟု သွန်သင်သည့် သန့်ရှင်းသော သမ္မာကျမ်းစာကိုလည်း ဆန့်ကျင်ရာရောက်ပါသည်။

(၇)

အသက်ရှင်နေချိန်တွင် မပြောင်းလဲနိုင်သော ဘုန်းတော်ကြွယ်ဝရာသို့ ရောက်မည့် ရွေးကောက် တော်မူခြင်း၏ အသီးအပွင့်များ ဆိုသည်မျိုးမရှိနိုင်ပါ။၄င်းတို့ကို သိရှိခြင်းဆိုသည်မျိုးလည်း မရှိနိုင်ပါ။ သေချာခြင်းလည်း မရှိနိုင်ပါ။ပြောင်းလဲနိုင်သော မသေချာသော အခြေအနေပေါ်၌ တည်မှီနေသော ရွေးကောက်ခြင်းမျိုးသာ ရရှိနိုင်ပါသည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် မသေချာသောသေချာခြင်း ဆိုသည့်အပြောမျိုးသည် အဓပ္ပါယ်မရှိယုံသာ မကပါ၊ သန့်ရှင်းသူ (ယုံကြည်သူ) တို့၏ အတွေ့အကြုံနှင့်လည်း ဆန့်ကျင်နေပါသည်။သူတို့သည် မိမိတို့၏ ရွေးကောက်ခြင်းခံရမှု့ကို သေချာစွာ သိရှိကြလျှက် တမန်တော်ကြီးနှင့်အတူ ဝမ်းမြောက်ကြပါသည်။ ထိုဘုရားသခင်၏ မျက်နှာသာပေးမှု့ကိုလည်း ချီးမွမ်းကြပါသည် ဧဖက် ၁။သခင်ခရစ်တော်၏ သတိပေးခြင်း ကို ခံခဲ့ကြရသူ တပြည့်တော်များနှင့်အတူ သန့်ရှင်းသူတို့သည် သူတို့၏ အမည်များသည် ကောင်းကင်တွင် ရေးထားလျှက်ရှိသည့်အတွက် ဝမ်းမြောက်ကြပါသည်။ လုကာ ၁၀း၂၀။ မိမိတို့၏ ရွေးကောက်ခံရမှုကို သေချာစွာ သိကြသဖြင့် နတ်ဆိုး၏ ထိုးနှက်ချက်များကို ဆန့်ကျင်လျှက် **ဘုရားသခင်ရွေးကောက်သော သူတို့ကို အဘယ်သူ အပြစ်တင်မည်နည်း☆☆ ရောမ ၈း၃၃ ဟုမေးမြန်းကြပါသည်။

(၈)

ဘုရားသခင်သည် သူ၏ဖြောင့်မတ်သော အလိုတော်၏ ကောင်းမြတ်မှုအတွက်ကြောင့်ပင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ အာဒံ၏ ကျဆုံးနေသောအခြေအနေ၊ လူသားအားလုံး ရောက်ရှိနေသော အပြစ်တရားနှင့် အပြစ်ဒါဏ်ခံထိုက်သည့် အခြေအနေတို့တွင် ချန်ထားခဲ့ဖို့ရန် ဆုံးဖြတ်ချက်ချတော်မမူပါ။ ထို့အတူ ပြောင်းလဲခြင်းနှင့် ယုံကြည်ခြင်းတို့အတွက် မရှိမဖြစ်လိုအပ်သော ကျေးဇူးတော်နှင့် ဆက်သွယ်ခြင်း တွင်လည်း မည်သူတစ်ဦးကိုမျှ ကျော်လွန်သွားခြင်း မရှိပါဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် **ထိုသို့နှင့်အညီ ကျေးဇူးပြုလိုသောသူကို ကျေးဇူးပြုတော်မူ၏။☆☆ ရောမ ၉း၁၈ ဟူ၍ ဘုရားသခင်က ခိုင်မာစွာပင် အမိန့်တော်ချမှတ်ခဲ့ပါသည်။ဤသို့လည်းရေးထားပါသည်၊- **ကိုယ်တော်က သင်တို့သည် ကောင်းကင်နိုင်ငံတော်၏ နက်နဲသောအရာကို သိရသော အခွင့်ရှိကြသည်။ ထိုသူတို့မူကားအခွင့်မရှိကြ☆☆ မဿဲ ၁၃း၁၀။ ထို့အတူ မဿဲ ၁၁း၂၅-၂၆ ၌ **ထိုအခါ ယေရှုက ကောင်းကင် နှင့် မြေကြီးကို အစိုးရတော်မူသောအဘ၊ ကိုယ်တော်သည် ပညာအသိလိမ်မာနှင့် ပြည့်စုံသောသူတို့အား ဤတရားများကို ထိမ်ဝှက်ထားလျှက် သူငယ်တို့အား ဖေါ်ပြတော်မူသည်ဖြစ်၍ ကျေးဇူးတော်ကို အကျွန်ုပ် ချီးမွမ်းပါ၏☆☆ ဟု ရေးထားပါသည်။

(၉)

ဘုရားသခင်က ဧဝံဂေလိတရားကို လူတစ်မျိုးထံသို့ စေလွှတ်လျှက် အခြားတစ်မျိုးထံသို့ စေလွှတ် ခြင်းမရှိရသည့် အကြောင်းအရင်းမှာ အဓိကအားဖြင့် ဘုရားသခင်၏ စေတနာအလိုတော် သက်သက် ကြောင့် အဟုတ်ပါ။ဧဝံလိတရား လက်ခံရရှိသော လူမျိုးသည် ဧဝံလိတရားအားဖြင့် ဆက်သွယ်ခြင်း မခံရ သည့် လူမျိုးထက် ပို၍ကောင်းမွန်လျှက် ထိုက်တန်သောကြောင့် ဖြစ်သည်ဟု သွန်သင်ခြင်း။

ဤသို့သွန်သင်ခြင်းကို မောရှေက ငြင်းပယ်ပါသည်။ဣသရေလလူများထံသို့**မိုးကောင်းကင်နှင့် ကောင်းကင်ဘဝဂ်ကို၄င်း၊ မြေကြီးနှင့်မြေကြီးတန်ဆာ ရှိသမျှကို၄င်း၊ သင်၏ ဘုရားသခင် ထာဝရဘုရားပိုင်တော်မူ၏။သို့ရာတွင် ထာဝရဘုရားသည် သင်၏ ဘိုးတို့ကို ချစ်မြတ်နိုး၍ ယနေ့ရှိသကဲ့သို့ သူတို့အမျိုးအနွယ်တည်းဟူသော သင့်ကို တခြားသောအမျိုးတကာတို့တွင် ရွေးကောက်တော်မူ၏☆☆ တရား၁၀း၁၄-၁၅ ဟူ၍ ပြောကြားခဲ့သည်။ထို့အပြင်သခင်ခရစ်တော်က **အို ခေါရာဇိန်မြို့ သင်သည် အမင်္ဂလာရှိ၏။အိုဗက်ဇဲဒမြို့ သင်သည် အမင်္ဂလာရှိ၏။အကြောင်းမူကား သင်တို့တွင်ပြသော တန်ခိုးကို တုရုမြို့နှင့် ဇိဒုန်မြို့တို့တွင် ပြဘူးလျှင် ထိုမြို့တို့သည် ရှေ့ကာလ၌ လျှော်တေအဝတ်ကိုဝတ်၍ ပြာနှင့်လူးလျှက် နောင်တရကြလိမ့်မည်☆☆ မဿဲ ၁၁း၂၁ ဟု မိန့်တော်မူခဲ့၏။

ဂဂဂဂဂဂဂဂဂဂ

**သွန်သင်ခြင်းအယူဝါဒ ခေါင်းစဉ်ကြီး (၂)**

ဂဂဂဂဂဂဂဂဂဂ

**သခင်ခရစ်တော်၏သေခြင်းအကြောင်း၊ ထိုသို့အားဖြင့် လူသားတို့သည်**

**ကယ်တင်ခံရခြင်းအကြောင်း**

**စာပိုဒ် (၁)** ဘုရားသခင်သည် ဂရုဏာတော်၌ ကြီးမြတ်တော်မူသည်သာအကပါ၊ ဖြောင့်မတ်ခြင်း၌ လည်းကြီးမြတ်တော်မူသောအရှင် ဖြစ်ပါသည်။ထို့အပြင် သူ၏ ဖြောင့်မတ်တော်မူခြင်းက (နှုတ်ကပတ်တော် အတွင်း၌ သူကိုယ်တိုင်ဖော်ပြထားသကဲ့သို့ )

သူ၏အနန္တကြီးမြတ်တော်မူခြင်းကို ဆန့်ကျင်လျှက်ပြုသော အပြစ်များအားလုံးသည် ဒါဏ်ခတ်ခြင်းခံရမည်ဟု တောင်းဆိုပါသည်။ အပြစ်ဒါဏ်ခတ်ရာ၌လည်း ယျွဘဝ ၌သာပင် မဟုတ်ပါ၊ခန္တာရောဝိညာဉ်ပါ ထာဝရအပြစ်ဒါဏ်ခတ်ခြင်း ခံရမည်ဖြစ် သည်။ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်းအား ကျေနပ်မှုကို မပြုလုပ်နိုင်သ၍ ကျွနုပ်တို့သည် ထိုအပြစ် ဒဏ်ခတ်ခြင်းမှ ပြေး၍အလွတ်နိုင်ပါ။

**စာပိုဒ် (၂)** ထိုသို့လျှင် ကျွနုပ်တို့သည် ထိုကျေနပ်မှု့ကို မိမိတို့ဘာသာ မပြုလုပ်နိုင်ကြသဖြင့်၄င်း (သို့) မဟုတ်ဘုရားသခင်၏ အမျက်တော်မှနေ၍ မိမိတို့ဘာသာလွတ်မြောက်ရန် မစွမ်းဆောင်နိုင်ကြ၍၄င်း ဘရားသခင်သည် သူ၏တစ်ပါးတည်းသော သားတော်ကို ကျွနုပ်တို့၏ အာမခံအဖြစ်ပေးတော်မူရန် သူ၏ အန္တဂရုဏာတော်အတွင်း၌ ကျေနပ်တော်မူ၏။သူ (သားတော်) သည် အပြစ်ရှိသူသဖွယ် ထင်မှတ်ခြင်း ခံခဲ့ရသည်။ထိုအပြင် ကျွနုပ်တို့အတွက်နှင့် ကျွနုပ်တို့ကိုယ်စား သျိန်ခြင်းကို ခံတော်မူ၏။ထိုသို့ပြုရခြင်းမှာ ကျွနုပ်ဘုရားသခင်၏ ဖြောင့်မတ်တော်မူခြင်းအား ကေနပ်မှုကို ပြုလုပ်ဖို့ရန်ဖြစ်သည်။

**စာပိုဒ်(၃)** ဘုရားသခင်သားတော်၏ သေခြားတရားသည် တကြိမ်းတည်းသာဖြစ်သော အပြည့်ဝဆုံး သော ယဇ်ပူဇော်ခြင်းဖြစ်၏။အပြစ်တရားအတွက် ကျေနပ်မှုပြုခြင်းဖြစ်၏။ထို့အပြင် အနန္တထိုက်တန်မှု တန်ဖိုးလည်းရှိတော်မူ၏။တကမ္ဘာလုံး၏ အပြစ်တစ်ရားအတွက် အစားအလျှော်ပေးရန် ကြွယ်ဝစွာ လုံလောက်၏။

**စာပိုဒ် (၄)** ဤသေခြင်း၏ အနန္တတန်ဖိုးနှင့် အရည်အချင်းကို ထိုသေခြင်း၏အကြောင်းအား ဆင်ခြင် သုံးသပ်မှုမှနေ၍ ရရှိခြင်းဖြစ်သည်။အဘယ်ကြောင့်ဆိုသော် ဤသေခြင်းတရား၌ မိမိကိုယ်ကိုယ် အပ်နှံသူသည် စစ်မှန်သော လူသားနှင့် ပြည့်စုံသော သန့်ရှင်းခြင်းရှိသူ ဖြစ်ယုံမျှသာမကပါ၊ ခမည်းတော်နှင့်
၄င်း သန့်ရှင်းသော ဝိညာဉ်တော်နှင့်၄င်း တူညီသော ထာဝရအဖြစ်တော်နှင့် အနန္တအနှစ်သာရရှိသူ ဘုရားသခင်၏ တစ်ပါတည်းသော သားတော်ဖြစ်တော်မူ၏။ထိုအရည်အချင်းများသည် သူ့အားကျွနုပ်တို့၏ ကယ်တင်ရှင်အဖြစ် ခန့်အပ်ခြင်းခံရရန် မရှိမဖြစ် လိုအပ်ချက်များဖြစ်သည်။ထိုအပြင် အဘယ်ကြောင့် ဆိုသော် ဤသေခြင်းသည် ကျွနုပ်တို့ အပြစ်အတွက် တင်ရှိနေသော ဘုရားသခင်၏ အမျက်ဒေါသနှင့် ကျိန်ခြင်းအတွက်ရည်စူး၍ ပြုလုပ်ခြင်းကြောင့်ဖြစ်သည်။

**စာပိုဒ် (၅)** ထို့အပြင် ဧဝံဂေလိတရား၏ ကတိတော်သည် လက်ဝါးကပ်တိုင် တင်ထားခြင်းခံရသော လခင်ခရစ်တော်ကို ယုံကြည်သမျှသော သူတိုင်းသည် ပျက်စီးလိမ့်မည်မဟုတ်၊ သို့သော်ထာဝရအသက်ကို ရရှိမည်ဟူ၍ ဖြစ်ပါသည်။ထိုကတိတော်ကို နောင်တရ၍ ယုံကြည်ပါဟူသည့်အမိန့်နှင့် တွဲဖက်လျှက် ဘုရား သခင်မှ မိမိ၏ စေတနာအလိုတော်အတိုင်း ထိုဧဝံဂေလိတရားကို ရောက်ရှိစေမည့် တိုင်းနိုင်ငံတိုင်းနှင့် ပုဂ္ဂိုလ်များ အားလုံးတို့ထံသို့ ရွေးချယ်ခြင်းမပြုပဲ အတိအလင်း ပြောဆိုကြေညာသင့်ပါသည်။

**စာပိုဒ် (၆)** ထို့အပြင် တခြားတစ်ဖက်တွင် ဧဝံဂေလိတရားအားဖြင့် ခေါ်ခြင်းခံရသူတိုင်းတို့သည် နောင်တရခြင်းမရှိကြပါ။သခင်ခရစ်တော်ကိုလည်း မယုံကြည်ကြပါ။သို့သော် မယုံကြည်ခြင်း၌သာ ပျက်စီးကြ ပါသည်။ ဤသို့ဖြစ်ရခြင်းမှာ လက်ဝါးကပ်တိုင်ပေါ်တွင် သခင်ခရစ်မှ ပြုတော်မူသည့် ယဇ်ပူဇော် ခြင်း၌ ချွတ်ယွင်းချက် အပြစ်အနာများ ပါဝင်နေ၍ (သို့) မပြည့်စုံခြင်းကြောင့် မဟုတ်ပါ။သို့သော်ထိုသို့ဖြစ် ရခြင်း ကို ထိုမယုံကြည်သူတို့အပေါ်၌သာ အပြစ်ပုံချရမည်ဖြစ်သည်။

**စာပိုဒ် (၇)** သို့သော်စစ်မှန်စွာနှင့် ယုံကြည်သောသူတိုင်းသည် သခင်ခရစ်တော်၏ သေခြင်းအားဖြင့် အပြစ်တရားနှင့် ပျက်စီးခြင်းမှ လွတ်ခြင်းအခွင့်နှင့် ကယ်တင်ခြင်းကို ရရှိကြပါသည်။ထိုအကျိုးအမြတ်ရရှိခြင်း အတွက် သူတို့ထံ သခင်ခရစ်တော်ကို ထာဝရကာလမှနေ၍ ပေးတော်မူခဲ့သော ဘုရားသခင်သည် ကျေးဇူးတော်ကိုသာလျှင် လုံးလုံးလျားလျား ကျေးဇူးတင်ရမည်ဖြစ်၏။မိမိတို့၏ မည်သည့်ထိုက်တန်ခြင်းကိုမျှ ကျေးဇူးတင်ရမည်မဟုတ်ပါ။

**စာပိုဒ် (၈)** သူ၏သားတော်၏ အဖိုးထိုက်တန်လှသော သေခြင်းမှ အသက်ဝင်စေသော ကယ်တင်ခြင်း အစွမ်းအာနိသင်ကို ရွေးကောက်ခြင်းခံရသူ အားလုံးထံသို့ ရောက်ရှိစေရန် ထိုသူတို့ထံ၌သာ ဖြောင့်မတ်စေ သော ယုံကြည်ခြင်းဆုလဒ်ကို ပေးရန် ထိုသို့သောအားဖြင့် ထိုသူတို့ကို မမှားနိုင်သော ကယ်တင်ခြင်းသို့ ရောက်ရှိစေရန်သည် ခမည်းတော်ဘုရားသခင်၏ အစိုးရတော်မူသော အကြံအစည်တော် ကျေးဇူးတရားနှင့် ပြည့်ဝလှသော အလိုတော်နှင့် ရည်ရွယ်ချက်ဖြစ်တော်မူ၏။လက်ဝါးကပ်တိုင်ပေါ်၌ သွန်းလောင်းသော အသွေးတော်အားဖြင့် သခင်ခရစ်တော်သည် အသစ်သောပဋိညာဉ်ကိုတည်ထောင်ရန် လူမျိုးတိုင်းမှ၄င်း၊ တိုင်းနိုင်ငံများမှ၄င်း၊ ဘာသာစကားအမျိုးမျိုးပြောဆိုသူတို့မှ၄င်း၊ ထာဝရကာလမှနေ၍ ကယ်တင်ခြင်းခံရန် ရွေးချယ်ခြင်းခံရသူများ ခမည်းတော်မှသူ့အားပေးထားသူများ၊ ထိုသူများကိုသာလျှင် ပြီးပြည့်စုံစွာ ကယ်တင်ရန်၊ ထိုသူတို့ကိုသာ ယုံကြည်ခြင်းကို အပ်နှင်းလျှက် သူကိုယ်တိုင်က သေခြင်းဖြင့် ဝယ်ယူပေးခဲ့သည့် သန့်ရှင်းသော ဝိညာဉ်တော်နှင့် အခြားသော ကယ်တင်ခြင်းနှင့်ဆိုင်သည့် ဆုလဒ်များအားလုံးကိုပေးအပ်ရန် သူတို့ကို မယုံကြည်စဉ်ကဖြစ်စေ ယုံကြည်ပြီးမှဖြစ်စေ ကျူးလွန်ခဲ့ကြသည့် မူလအပြစ်တရားနှင့် တကယ် ကျူးလွန်ကြသော အပြစ်တရားနှစ်မျိုးလုံးမှနေ၍ သန့်စင်စေရန် အဆုံးရောက်သည့်တိုင် သစ္စာရှိစွာ နှင့် စောင့်ရှောက်တော်မူလျှက် နောက်ဆုံးတွင် သူတို့ကို အပြစ်တင်စရာအခွင့်နှင့် အစွန်းအထင်းများမှ လွတ်ကင်းစေလျှက် သူ၏ရှေ့တော်မှောက်တွင် ဘုန်းတော်ကို ထာဝရခံစားနိုင်ကြဖို့ ဆောင်ယူခဲ့ရန်သည် ဘုရားသခင်၏ အလိုတော်ဖြစ်၏။

**စာပိုဒ်(၉)** ဤရည်ရွယ်ချက်သည် ဘုရားသခင်၏ ထာဝရချစ်ခြင်းမေတ္တာမှ အရင်းခံ၍ရွေးကောက် ခြင်း ခံရသူတို့ထံသို့ ဖြစ်ပွားပေါ်ပေါက်လျှက်ရှိ၏။ထိုရည်ရွယ်ချက်သည် ထာဝရကာလမှနေ၍ ယနေ့ တိုင်အောင် ပြီးမြောက်အောင်မြင်လျှက်ရှိပြီး ယျွမှစ၍ ရှေ့တွင်လည်း ဆက်လက်၍ ပြီးမြောက် အောင်မြင် နေမည်သာ ဖြစ်သည်။ထို့အပြင် ငရဲတံခါးများ၏ ဆန့်ကျင်ခြင်းများကိုလည်း အကျိုး သက်ရောက်မှု မရှိ စေရကား အချိန်ပြည့်စုံသောအခါ ရွေးကောက်ခြင်းခံရသူတို့သည် တစည်းတစ်လုံးတည်း အဖြစ်သို့ စုဝေး ခြင်းကို ခံရလျှက် ယုံကြည်သူတို့ပါဝင်သည့် အသင်းတော်တခု လိုအပ်နေသည် ဆိုသည့် အဖြစ်မျိုး မရှိရတော့ပါ။ထိုအသင်းတော်၏ အုတ်မြစ်ကား သခင်ခရစ်တော်၏

အသွေးတော်၌တည်သတည်း။ ထိုသို့သောအားဖြင့် အသင်းတော်က သူတို့၏ ကယ်တင်ရှင်အား ခိုင်မြဲစွာနှင့် ချစ်လျှက် အမှု့တော်ဆောင် နိုင်မည်ဖြစ်၏။ထိုကယ်တင်ရှင်သည် သတို့သမီးအတွက်ဖြစ်သော သတို့သားသဖွယ်ဖြစ်၏။မိမိ၏အသက်ကို သူတို့အဖို့အလို့ငှာ လက်ဝါးကပ်တိုင်ပေါ်တွင် ပေးဆပ်သူဖြစ်၏။ထို့ကြောင့် အသင်းတော်က သူအားချီးမွမ်း ခြင်းကို ယျွမှုစ၍ ထာဝရကာလတိုင် ပြုကြမည်ဖြစ်သည်။

ဂဂဂဂဂဂဂဂဂဂ

စစ်မှန်သောအယူဝါဒကို ရှင်းလင်းဖော်ပြပြီးသည့်အခါ အထွေထွေညီလာခံကြီးက
အောက်ဖေါ်ပြပါ မှားယွင်းသော သွန်သင်ချက်များကို ငြင်းပယ်ခဲ့၏

(၁)

ခမည်းတော်ဘုရားသခင်က သူ၏သားတော် လက်ဝါးကပ်တိုင်ပေါ်၌ အသေခံခြင်းသည် တစုံတစ်ဦး ကို ကယ်တင်မည်ဟူသည့် တိကျသေချာသော စီရင်ချက် အမိန့်တော်မရှိဘဲ ကြိုတင်ခွဲခန့်မှတ်သားခဲ့၏။ ထိုကြောင့် သူ၏သေခြင်းအားဖြင့်ရရှိလာသော သခင်ခရစ်တော်၏ ထိုက်တန်တော်မူခဲ့ခြင်းသည် တည်ရှိနေမည်ဖြစ်သည်။ထို့အပြင် ထိုထိုက်တန်စွာ ရယူခဲ့သော ကယ်တင်ခြင်းကို မည်သူတစ်စုံတစ်ဦးထံ၌မျှ ရရှိစေခြင်း မရှိခဲ့ပါကလည်း သူ့အတိုင်းပင် လုံးလုံးလျားလျား အပြည့်အဝ အကောင်းပကတိ ရှိနေမည်သာဖြစ်သည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသွန်သင်ခြင်းမျိုးက ခမည်းတော်၏ ဉာဏ်ပညာတော်နှင့် သခင်ယေရှု ခရစ်တော်၏ ထိုက်တန်တော်မှုကို အထင်သေးရာရောက်၏။ထိုအပြင်သမ္မာကန်းစာကိုလည်း ဆန့်ကျင်နေ သည်။ထိုကြောင့် ကျွန်ုပ်တို့၏ ကယ်တင်ရှင်က ယော ၁၀း၁၅၊၁၇ တွင် **ငါသည် ကိုယ်အသက်ကို သိုးတို့အဖို့အလို့ငှာ စွန့်၏။ထိုသိုးတိုးတို့ကို ငါသိ၏[☆☆] ဟု မိန့်တော်မူခဲ့သည်။ထို့အပြင် ပရောဖက် ဟေရှာယကကလည်း ကယ်တင်ရှင်နှင့် ပတ်သက်၍ **သူသည် အပြစ်ဖြေသောယစ်ကို ပူဇော်ပြီးမှ အမျိုးအနွယ်တော်ကို မြင်ရလိမ့်မည်။ထာဝရဘုရား၏ အကြံတော်သည်လည်း သူ၏လက်၌ ပြည့်စုံခြင်းသို့ ရောက်လိမ့်မည်။[☆☆]ယေရှာ ၅၃း၁၀ ဟုပြောခဲ့၏။နောက်ဆုံးအနေဖြင့် ဤသွန်သင်ခြင်းက ကျွန်ုပ်တို့ ယုံကြည် သော ကက်သလစ်ခရစ်ယာန်အသင်းတော်၏ ယုံကြည်ချက်ကို ဆန့်ကျင်နေပါသည်။

(၂)

ခရစ်တော်သေရခြင်း၏ ရည်ရွယ်ချက်သည် သူ၏အသွေးတော်အားဖြင့် ပဋိညာဉ်သစ်ကို တည် ထောင်ခိုင်မာစေရန် မဟုတ်ပါ။ခမည်းတော်ဘုရားသခင်က လူသားထံ၌ ထိုပဋိညည်ကို ကျေးဇူးတော်ကြောင့် ဖြစ်စေ လုပ်ဆောင်မှုအကျင့်များ အားဖြင့်ဖြစ်စေ အလိုတော်ရှိက တည်ထောင်နိုင်ရန် အခွင့်အရေးသက်
သက်ကိုသာ ရယူပေးရန်ဖြစ်သည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသွန်သင်ချက်သည် သမ္မာကျန်းအရ မနှစ်မြို့ဖွယ်ဖြစ်၏။သမ္မာကျန်းစာ က သခင်ခရစ်တော်သည် ပိုမိုကောင်းမွန်သော ပဋိညာဉ်တရား၏ အာမခံနှင့် ကြားဝင်ဖြန်ဖြေပေးသူ ဖြစ်လာခဲ့သည်ဟု သွန်သင်ပါသည်။ထို့အပြင် ထိုပဋိညာဉ်ကို သေခြင်းအားဖြင့် တည်ထားခဲ့၏။
ဟေဗြဲ ၇း၁၁။ ၉း၁၅၊၁၇။

(၃)

ကယ်တင်းတရားကို အထမြောက်စွာနှင့် သုံးစွဲနိုင်မည့်အကြောင်း သခင်ခရစ်တော်သည် သူ၏ ကျေနပ်တော်မူစေရန် ပြုလုပ်ခြင်းဖြင့် တန်တစ်ဦး၏ ကယ်တင်ခြင်းကိုငှင်း၊ ယုံကြည်ခြင်းကို ပေးပို့ရန် ထိုက်တန်မှုကို မပြုလုပ်ခဲ့ပါ။သို့သော်ခမည်းတော်အဖို့ လူသားနှင့်တဖန်ပြန်၍ ဆက်ဆံမှုပြုလာရန် ဩဇာ အာဏာ (သို့) ပြည့်စုံသော အလိုဆန္ဒကိုသာ ရရှိရန် ထိုက်တန်မှုပြုခဲ့ပါသည်။ထိုဩဇာအာဏာဖြင့် အသစ်သော အခြေခံလိုအပ်ချက်များကို ပြဌာန်းလာနိုင်မည်။ထိုလိုအပ်ချက်များကို လူသားက လိုက်နာရန် အလိုရှိပါက နာခံပါက တဖန်ဆက်ဆံနိုင်မည်ဖြစ်သည်။မည်သို့ပင်ဖြစ်စေ လူသား၏ လွတ်လပ်သော အလိုဆန္ဒ အပေါ်၌သာ တည်မှီလျှက်ရှိသည်။ထိုကြောင့်ကယ်တင်ခြင်းသည် လုံးဝဖြစ်ပေါ်မလာနိုင်ပါ (သို့) ဤလိုအပ်ချက်များအားလုံးကို ပြည့်စုံစေမှသာ ထွက်ပေါ်လာနိုင်မည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော ဤသွန်သင်ခြင်းမျိုးက သခင်ခရစ်တော်၏ သေခြင်းကိုအလွန် မထီမဲ့မြင် စွာ စီရင်ချက် ချမှတ်၍ ဖြစ်သည်။ထိုသေခြင်းမှရရှိသော အလွန်အရေးကြီးသည့် အသီးအပွင့်ကိုငှင်း၊ (သို့) အကျိုးရလဒ်ကိုလည်းကောင်း အသိအမှတ်ပြုရခြင်း မရှိပါ။ထို့အပြင် ဤသွန်သင်ခြင်းက ငရဲပြည်မှနေ၍ ပလဲဂီးယန်း၏ မှားယွင်းသော သွန်သင်မှုကို ပြန်လည်ယူဆောင်လာခဲ့ပါသည်။

(၄)

ခမည်းတော်ဘုရားသခင်က သခင်ခရစ်တော်၏ သေခြင်းနှင့် ကြားဝင်ဖြန်ဖြေပေးမှုအားဖြင့် လူသားနှင့်အတူပြုသော ကျေးဇူးတော်ပဋိညာဉ်တရားသစ်သည် ကျွန်ုပ်တို့က ယုံကြည်ခြင်းအားဖြင့် သခင်ခရစ်တော်၏ ထိုက်တန်မှုများကို လက်ခံလျှက် ဘုရားသခင်၏ ရှေ့တော်မှောက်၌ ဖြောင့်မတ်ခြင်းသို့ ရောက်ပြီး၊ ကယ်တင်ခြင်းခံရသည် ဆို့သည့်အချက်ပေါ် တည်မနေပါ။အမှန်ပြောရလျှင် ဘုရားသခင်က ပညတ်တရားကို အပြည့်အဝ နာခံလိုက်လျှောက်ရမည့် ဆိုသည့်တောင်းဆိုချက်ကို ပြန်လည် အသက်ဝင် စေလျှက် ယုံကြည်ခြင်းသက်သက်နှင့် ယုံကြည်ခြင်းအား နာခံလိုက်လျှောက်ခြင်းကိုသာ အဓိကထား၏။ထိုသို့ လိုက်လျှောက်ခြင်းသည် မပြည့်စုံသော်လည်း ပညတ်တရားအား အပြည့်အဝ

နာခံလိုက်လျှောက်သကဲ့သို့ လိုက်လျှောက်မှသာလျှင် ထာဝရအသက်ဆုလဒ်ကို ကျေးဇူးတော်အားဖြင့် ထိုက်တန်မှုကြောင့်သာ ရရှိနိုင် သည်ဟု ယူဆ၏ ဆိုသည့်သွန်သင်ခြင်း။

ဤသွန်သင်ခြင်းမျိုးက သမ္မာကျမ်းစာကို ဆန့်ကျင်နေ၏။**ယေရှုခရစ် ရွေးနုတ်တော်မူသောအားဖြင့် အဘိုးကိုမပေးရဘဲ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရ၏။ထိုခရစ်တော်ကို အပြစ်ဖြေစရာအကြောင်း ဖြစ်စေခြင်းငှာ ခန့်ထားတော်မူပြီ✡✡ ရောမ ၃း၂၄၊၂၆။ဤသို့ကြေငြာက ဆိုးညစ်သော ဆိုစီးနပ် (စ်) မှ သွန်သင်သကဲ့သို့ ဘုရားသခင်ရှေ့တော်မှောက်၌ လူသား၏ ဖြောင့်မတ်ခြင်း အကြောင်းနှင့် ပတ်သက်သည့် အသစ်သော ပုံမှန်မဟုတ်သော သွန်သင်ခြင်းကို သွန်သင်ရာရောက်၏။ အသင်းတော်တစ်ခုလုံးက တစ်တိတဝမ်းတည်း လက်ခံထားသည်နှင့်လည်း ဆန့်ကျင်နေ၏။

**(၅)**

လူသားအားလုံးသည် ပြန်လည်သင့်မြတ်စေသည့် အခြေအနေနှင့် ကျေးဇူးတော်ပဋိညာဉ်သို့ လက်ခံခြင်းကို ခဲ့ရကြပြီးဖြစ်သဖြင့် မည်သူတစ်ဦးမျှသည် မူလအပြစ်အတွက် အပြစ်စီရင်ခြင်းကို ခံထိုက်သူ များ မဟုတ်ကြတော့ပါ။မည်သူမျှလည်း ၄င်းအတွက်ကြောင့် အပြစ်စီရင်ခြင်းကို ခံရလိမ့်မည်မဟုတ်ပါ။ အားလုံးသည် မူလအပြစ်၏ ဆိုးညစ်မှုမှ လွတ်မြောက်ကြပြီ ဖြစ်သည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော်ဤသွန်သင်ချက်သည်သမ္မကျမ်းစာအရမနှစ်မြို့ဖွယ်ဖြစ်၏။သမ္မာကျန်းစာက ကျွန်ုပ်တို့သည် သဘာဝအားဖြင့် အမျက်တော်ကို ခံထိုက်သူများဖြစ်ကြပါသည်ဟုဧဖက် ၂း၃ ၌ ဖေါ်ပြပါသည်။

**(၆)**

ထိုက်တန်ခြင်းနှင့်သုံးစွဲခြင်း ဆိုသည့် အကြောင်းအရာနှစ်ခု၏ ခြားနားချက်ကို အသုံးပြုကြသူများ၊ အဆုံးသတ်တွင် ထိုသွန်သင်ခြင်းဖြင့် မဆင်ခြင်တတ်သူများနှင့် အတွေ့အကြုံမရှိသူများ၏ စိတ်နှလုံးကို တဖြည်းဖြည်း စိမ့်ဝင်စေကြလျှက် ဘုရားသခင်သည် သခင်ခရစ်တော်၏သေခြင်းက ရယူပေးသော အကျိုး အမြတ်အားလုံးကို တစ်ယောက်စီတိုင်းသို့ တူညီစွာ လက်တွေ့ရရှိရန် ပေးအပ်ထားသည်ဟု သိမြင်စေခြင်း၊ သို့သော်အချို့သောသူတို့သည် အပြစ်ခွင့်လွှတ်ခြင်းနှင့် ထာဝရအသက်ကို ရရှိကြ၍ အချို့သောသူတို့မှာမူ မရရှိကြပါ။ထိုသို့ဖြစ်ရခြင်းမှာ သူတို့၏ ကိုယ်ပိုင်လွတ်လပ်သော ရွေးချယ်ခွင့်အပေါ်တွင်သာ တည်မှီ နေပါသည်။ထိုလွတ်လပ်ခွင့်ဖြင့် ခွဲခြားမှုမရှိဘဲ အယောက်တိုင်းထံ ပေးထားသော ကျေးဇူးတော်ကို ဆက်သွယ်၍သာ ဖြစ်သည်။ထိုသို့ဖြစ်ရခြင်းသည် ဂရုဏာတော်၏ အထူးဆုလဒ်ကြောင့် အခြားသူများနှင့် မတူဘဲ ကျေးဇူးတော်ကို ရယူသုံးစွဲကြခြင်းကြောင့် ဖြစ်သည် ဆိုသည့်အချက်ပေါ်တွင် တည်မှီမနေပါဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသွန်သင်ခြင်းဖြင့် သူတို့သည် ထိုခြားနားချက်ကို မှန်ကန်စွာနှင့် တင်ပြ ကြသကဲ့သို့ ဟန်ဆောင်နေကြသော်လည်း တကယ်တမ်းတွင်မူ ပျက်စီးစေတတ်သော ပလဲဂျီးယန်း၏ မှားယွင်းသော သွန်သင်မှု၏ အဆိပ်အတောက်ကို လူအများထံ စိမ့်ဝင်စေရန် ကြိုးစားနေကြခြင်းကြောင့်သာ ဖြစ်သည်။

**(၇)**

သခင်ခရစ်တော်သည် ဘုရားသခင်က အမြင့်ဆုံးသောအဆင်အတန်းဖြင့် ချစ်တော်မူလျှက် ထာဝရ အသက် ရရှိဖို့ရန် ရွေးကောက်ထားသော သူတို့အတွက် သခင်ခရစ်တော်သည် အသက်ခံပေးတော် မမူနိုင်ပါ၊ သေလည်း မသေပါ။ ထာဝရ အသက် ရရှိဖို့ရန် သခင်ခရစ်တော်၏ အသေခံခြင်းသည် မလိုအပ်သဖြင့် ထိုကိစ္စအတွက် မသေခဲ့ပါဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသွန်သင်ခြင်းက တမန်တော်ကြီး၏အမြင်နှင့် ဆန့်ကျင်နေပါသည်။ တမန်တော်က ဂလာတိ ၂း၂၀ တွင် ** သားတော်သည် ငါ့ကိုချစ်၍ ငါ့အဘို့ကိုယ်ကိုကိုယ် စွန့်တော်မူ၏ ✡✡ ဟု ကြေညာခဲ့ပါသည်။ ထိုအတူ ** ဘုရားသခင် ရွေးကောက်တော်မူသောသူတို့ကို အဘယ်သူသည် အပြစ်တင်မည်နည်း။ (သူတို့အတွက်) အသေခံပေးသူကား ခရစ်တော်ပေတည်း ✡✡ ရောမ ၈း၃၃၊၃၄ ဟုလည်း ပြောခဲ့သေး၏။ ထို့အပြင် ယော ၁၀း၁၅ ၌ ** ငါသည် ကိုယ့်အသက်ကို သိုးတို့အဘိုအလို့ငှာ စွန့်၏ ✡✡ ယော ၁၀း၁၅ ဟုပြောခဲ့သော ကယ်တင်ရှင်နှင့်လည်း ဆန့်ကျင်နည်းတူ၊ သင်တို့သည် အချင်းချင်း ချစ်ကြလော့။ ကိုယ်အဆွေတို့အဘို့အလို့ငှာ ကိုယ်အသက်ကိုစွန့်ခြင်း မေတ္တာထက်သာ၍မြတ်သောမေတ္တာ သည် အဘယ်သူ၌မျှမရှိ ✡✡ ဟုလည်း ပြောခဲ့ပါသည်။

ဂဂဂဂဂဂဂဂဂဂ

**အယူဝါဒခေါင်းစဉ်ကြီး ( ၃ ) နှင့် ( ၄ )**

ဂဂဂဂဂဂဂဂဂဂ

**လူသား၏ပျက်ဆီးနေခြင်း၊ သူ၏ဘုရားသခင်ထံသို့ ပြောင်းလဲခြင်းနှင့်**

**ပြောင်းလဲပုံပြောင်းလဲနည်းအကြောင်း**

**စာပိုဒ် ( ၁ )** မူလပထမတွင် လူသားသည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်အတိုင်းပြုလုပ်ခြင်းကို ခံရ၏။ သူ၏နားလည်ခြင်းသည်စစ်မှန်သော၊ကယ်တင်ခြင်းနှင့်ဆိုင်သောဘုရားသခင်အားသိခြင်းပညာနှင့်ဆင်ယင်ချယ်သ

လျက် ရှိခဲ့၏။ဝိညာဉ်ရေးရာကိစ္စများကို နားလည်ခဲ့၏။ သူ၏နှလုံးသားနှင့် အလိုဆန္ဒတို့ သည် ဖြောင့်မတ်ခြင်းအတိ ရှိခဲ့၏။သူ၏နှစ်သက်ခြင်းများသည်လည်းသန့်စင်လျှက်ရှိ၏။လူသား၏အလုံးစုံသည်သန့်ရှင်းနေခဲ့၏။သို့သော်နတ်ဆိုး၏မြှောက်ပင့်ပေးမှုကြောင့်ဘုရားသခင်အားပုန်ကန်ခဲ့၏။သူ၏လွတ်လပ်သောအလိုဆန္ဒကိုအလွဲသုံးစားပြုခဲ့၏။ထိုသို့အားဖြင့်ကြီးမြတ်သောဆုလဒ်များကိုဆုံးရှုံးခဲ့ရတော့သည်။ထို့အပြင်အကျိုးဆက်အဖြစ်စိတ်နှလုံး၏သန်းနေ သည်အဖြစ်ကြောက်မက်ဖွယ်ရာအမှောင်ထုအနတ္တဖြစ်မှုတို့ကိုရရှိခဲ့ပါတော့သည်။ထို့အပြင်လွဲမှားခြင်းဖြင့်တရားစီရင်တတ်မှုကိုလည်း ရရှိလာခဲ့သည်။ဆိုးညစ်သူ ပုန်ကန်သူ ဖြစ်လာခဲ့သည်။ထို့အပြင်ဆိုဆုံးမ၍မရသောနှလုံးသားနှင့် အလိုဆန္ဒတို့ကိုပိုင်ဆိုင်လာခဲ့သည်။ သူ၏နှစ်သက်ခြင်းများ အားလုံးသည်လည်း သန့်ရှင်းမှု မရှိတော့ပါ။

**စာပိုဒ် ( ၂ )** အပြစ်တရားအတွင်း ကျဆုံးခဲ့ပြီးနောက် လူသားသည် သူ၏ပုံသဏ္ဍာန်အတိုင်း သားသမီးများကို မွေးဖွားခဲ့ပါသည်။ပျက်စီးနေသောပင်စည်က ပျက်စီးနေသော အကိုင်းအခက်များကိုသာ ထုတ်လုပ်ပါသည်။ ထို့ ကြောင့် ခရစ်တော်မှလွဲ၍ အာဒံ၏ အမျိုးအနွယ်များအားလုံးသည် ပျက်စီးနေသော အဖြစ်ကို သူတို့၏ မူလမိဘများ ထံမှ ရရှိခဲ့ကြပါသည်။တချိန်က ပလဲဂီးယန်းဆိုသူ အခိုင်အမာ ပြောဆိုခဲ့သကဲ့သို့ အတုယူခြင်းအားဖြင့် ရရှိလာကြသည် မဟုတ်ပါ။မကောင်းသော သဘာဝမှနေ၍ ပေါက်ဖွားလာခဲ့ခြင်းဖြင့် ရရှိလာကြခြင်းဖြစ်သည်။

**စာပိုဒ် (၃)** ထိုကြောင့်လူသားတိုင်းသည်အပြစ်တရားအတွင်း၌ပဋိသန္ဓေစွဲယူလာခဲ့ကြပါသည်။သဘာဝအားဖြင့် အမျက်တော်ကို စံထိုက်သူများဖြစ်ကြပါသည်။ကယ်တင်ခြင်းခံရစေ နိုင်သည့် ကောင်းမြတ်ခြင်းကို ပြုလုပ်ရန် မစွမ်းကြသူများ၊ အပြစ်ပြုရာ၌မူ ထူးချွန်ကြသူများ အပြစ်တရား၌ သေဆုံးနေကြသူများ၊ အပြစ်တရားအောက်၌မူ ထူးချွန်ကြသူများ အပြစ်တရား၌ သေဆုံးကြသူများ၊ အပြစ်တရားအောက်၌ ကျွန်ခံနေကြသူများ ဖြစ်ကြပါသည်။ သန့်ရှင်းသောဝိညာဉ်တော်၏ ကျေးဇူးအားဖြင့် ပြောင်းလဲခြင်းသာ မရှိခဲ့ပါက သူတို့သည် ဘုရားသခင်ထံသို့ လှည့်ပြန်လာရန် အလိုဆန္ဒမရှိနိုင်ပါ။ပြန်လည်း မလာနိုင်ကြပါ။သူတို့၏ ပျက်စီးနေသော သဘာဝကိုလည်း ပြန်၍ မပြုပြင်နိုင်ပါ။ထိုသို့ ပြန်လည်ပြုပြင်ခြင်းကိုပင် မိမိတို့ဘာသာ ဆန္ဒမရှိ  နိုင်ကြပါ။

**စာပိုဒ် (၄)** သို့သော် အပြစ်တရားအတွင်း ကျဆုံးပြီးနောက်တွင်လည်း လူသားထံ၌ သဘာဝတရား၏ မှုန်ဝါးဝါးအလင်းရောင်သည် ကျန်ရှိနေသေး၏။ထိုအလင်းရောင်ဖြင့် ဘုရားသခင်အား သိမှတ်ခြင်းတရား အချို့ကို လူသားက ပြန်၍ ရရှိ၏။သဘာဝအကြောင်းများကို နားလည်သိတတ်မှုလည်း ရှိနေသေး၏။ကောင်းကင်တရားနှင့် ဆိုးခြင်းတရားကိုလည်း ခွဲခြားနိုင်သေးသည်။ကောင်းမြတ်ခြင်းတရားနှင့် ဆိုးခြင်းတရားကိုလည်း ခွဲခြားနိုင်သေး၏။ ကောင်းမြတ်ခြင်းတရားနှင့် ပတ်သက်၍ အချို့သောအရာများကိုလည်း ရှာဖွေတွေ့ရှိနိုင်၏။လူမှုဘဝတွင်လည်း ကောင်းမြတ်သော စည်းမျဉ်းများကို ချမှတ်နိုင်၏။ထို့အပြင် အပြင်ပန်းအားဖြင့် စနစ်ကြသော အပြုအမူများကိုလည်းထိန်းသိမ်းနိုင်သေး၏။သို့သော်သဘာဝတရား၏အလင်းရောင်သည်လူသားအားကယ်တင်ခြင်းသို့ ရောက်စေနိုင်သည့် ဘုရားသခင်အား သိမှတ်ခြင်းတရားနှင့် စစ်မှန်သော ပြောင်းလဲခြင်းသို့ ရောက်ဖို့ရန် လုံလောက်နေပါသော်လည်း လူသားသည် ထိုအလင်းရောင်ကို လူမှုသဘာဝနှင့် သက်ဆိုင်သည်များ၌၄င်း၊ သဘာဝ တရားနှင့် သက်ဆိုင်သည်များ၌၄င်း မှန်ကန်စွာ အသုံးချနိုင်းခြင်းငှာ မစွမ်းသာတော့ပါ။ထိုမျှမကသေးပါ ထိုအလင်းတရားသည် ထိုသို့ အသုံးဝင်နေလျှက် ရှိနေပါသော်လည်း လူသားက အမျိုးစုံသော နည်းလမ်းတို့ဖြင့် လုံးလုံးလျားလျား ညစ်ညှမ်းခြင်းကိုသာ တုန့်ပြန်ပါသည်။ထို့အပြင် ထိုအလင်းကို မဖြောင့်မတ်ခြင်းတရား၌သာ အသုံးပြုပါသည်။ထိုသို့ပြုခြင်းဖြင့် သူသည် ဘုရားသခင်ရှေ့တော် မှောက်၌ ခွင့်လွှတ်၍ မရနိုင်သူ ဖြစ်လာပါတော့ သည်။

**စာပိုဒ် (၅)** ဤနည်းလမ်းမတိုင်းပင် မောရှေ၏လက်များဖြင့် ဘုရားသခင်က သူ၏အထူးလူမျိုးများဖြစ်သည့် ဂျူးလူမျိုးများထံ ပေးအပ်ခဲ့သော ပညတ်တော် (၁၀) ပါးကို ဆင်ခြင်ကြပါမည်။ ထိုပညတ်တော်များက အပြစ်တရား၏ ကြီးမားမှုကို ရှာဖွေတွေ့ရှိပေးနိုင်ပါသည်။လူသားအပြစ်ရှိကြောင်းကိုလည်း ပို၍ပို၍ သဘောပေါက်စေပါသည်။သို့သော်လည်းထိုအပြစ်မှပျောက်ကင်းသက်သာရာကိုကားညွှန်မပြနိုင်ပါ။ထိုဒုက္ခဆင်းရဲခြင်းထဲမှ လွတ်မြောက်စေရန် ခွန်အားကိုလည်း လူသားကို မပေးစွမ်းနိုင်ပါ။ထို့အပြင် ဇာတိအားဖြင့် အားနည်းလှသည်ဖြစ်ရကား အပြစ်ကျူးလွန်သူကို ကျိန်ခြင်းတရားအောက်၌ပင် ချန်ထားပါတော့သည်။လူသားသည် ပညာတ်တရားအားဖြင့် ကယ်တင်ခြင်းကျေးဇူးတော်ကို မရရှိနိုင်ပါ။

**စာပိုဒ် (၆)** ထို့ကြောင့် သဘာဝတရား၏ အလင်းရောင်နှင့် ပညတ်တရားက မလုပ်ဆောင်နိုင်သည်ကို ဘုရားသခင်က သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် လုပ်ဆောင်ပေးတော်မူ၏။နုတ်ကပတ်တော်အားဖြင့် (သို့) ပြန်လည်သင့်မြတ်စေခြင်း အမှုတော်အားဖြင့် လုပ်ဆောင်နိုင်ခြင်းဖြစ်၏။၄င်းသည် မေရှိယအကြောင်းနှင့် ပတ်သက်သော သတင်းကောင်းပင်ဖြစ်ပါသည်။ထိုနည်းလမ်းအားဖြင့် ဘုရားသခင်သည် ဓမ္မဟောင်းကာလတွင်၄င်း၊ ဓမ္မသစ်ကာလတွင်၄င်း၊ ယုံကြည်သူတိုင်းကို ကယ်တင်ရန် ကျေနပ်တော်မူ၏။

**စာပိုဒ် (၇)** ဤဘုရားသခင်အလိုတော်၏ နက်နဲခြင်းကို ဓမ္မဟောင်းကာလတွင် တွေ့မြင်သူ အနည်းငယ်သာ ရှိခဲ့၏။ဓမ္မသစ်ကာလတွင်မူ (လူမျိုးတို့အကြား ခြားနားမှုများကို ဖယ်ရှားပစ်လိုက်ပြီဖြစ်သည်) ဘုရားသခင်သည် လူမျိုးခွဲခြားခြင်းမရှိတော့ဘဲ မိမိကိုယ်ကိုယ် လူအများထံသို့ ဖွင့်ပြတော်မူခဲ့သည်။ထိုသို့စီမံခန့်ခွဲရခြင်း၏ အကြောင်းခံမှာ တိုင်းနိုင်ငံတစ်ခုသည် အခြားတစ်ခုထက် ပို၍ထိုက်တန်သောကြောင့် မဟုတ်ပါ။ထို့အတူ သဘာဝတရား၏ အလင်းရောင်ကို ပို၍ကောင်းမွန်စွာ အသုံးချတတ်၍လည်းမဟုတ်ပါ။သို့သော် ဘုရားသခင်၏ အစိုးရတော်မူသော စေတနာအလိုတော်နှင့် ဘုရားသခင်နှင့် မထိုက်တန်ဘဲ ချစ်တော်မူသော ချစ်ခြင်းမေတ္တာ၏ ရလာဒ်ကြောင့်သာဖြစ်သည်။ထို့ကြောင့် ကျေးဇူးကြီးမားလှသော ကောင်းချီးမင်္ဂလာအား မိမိထိုက်တန်မှု မရှိခြင်းကို ကျော်လွန်လွန်လျှက် ပို၍ မှန်အောင်ပြောရလျှင် မထိုက်တန်ဘဲလျှက်နှင့် ပေးအပ်ခြင်းခံရသူများသည် ထိုကောင်းချီးမင်္ဂလာကို နှိမ့်ချစွာနှင့်၄င်း၊ ကျေးဇူးတင်လှသော နှလုံးသားနှင့်၄င်း၊ အသိအမှတ်ပြုကြရပါမည်။ တမန်တော်နှင့် အတူတကွ ကြည်ညိုလေးစားရပါမည်။ထိုကျေးဇူးတော်အားပေးဆပ်ခြင်း မခံရသူများထံ၌ ပြသတော်မူသည့် ဘုရားသခင်၏ ဖြောင့်မတ်သော၊ ပြင်းထန်သော တရားစီရင်ခြင်းသည် အဘယ်ကြောင့်နည်းဟု သိလိုစိတ်ပြင်းပြစွာနှင့် စပ်စပ်စုစု မပြုလုပ်သင့်ပါ။

**စာပိုဒ် (၈)** ဧဝံဂေလိတရားအားဖြင့် ခေါ်တော်မူခြင်း ခံရသူများသည် ဟန်ဆောင်မှုမရှိသော ခေါ်ခြင်းဖြင့် အခေါ်ခံရခြင်းဖြစ်သည်။အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က သူ၏နှုတ်ကပတ်တော် အတွင်းတွင် သူ့အား ကျေနပ်စေတော်မူမည့် အကြောင်းကို စိတ်အားထက်သန်စွာ မှန်ကန်စွာ ဖော်ပြထားပါသည်။၎င်းမှာ ခေါ်တော်မူခြင်း ခံရသူများသည် သူထံသို့ လာကြရပါမည် ဟူ၍ဖြစ်သည်။ထို့အပြင် ဘုရားသခင်က သူတို့ထံ ယုံကြည်လျှက် လာကြသူတိုင်းကို ထာဝရအသက်နှင့် အနားယူခြင်းကို ပေးတော်မူမည်ဟု အလေးအနက်ထားလျှက် ကတိပေးပါသည်။

**စာပိုဒ်(၉)** နှုတ်ကပတ်တော်ဟောကြားခြင်း အမှုတော်အားဖြင့် ခေါ်တော်မူခြင်းခံရသော်လည်း ဘုရားသခင် ထံသို့ ပြောင်းလဲလျှက် လာရောက်ခြင်းကို ငြင်းပယ်သူ အချို့ရှိကြသည်။ထိုသို့ဖြစ်ရခြင်းသည် ဧဝံဂေလိတရား၏ အမှားကြောင့်မဟုတ်ပါ။ဧဝံဂေလိတရားအားဖြင့် လူသားများကို ခေါ်တော်မူသော ထို့အပြင်များပြားလှစွာသော ကတိတော်များကို ပေးအပ်တော်မူသော ဘုရားသခင်၏ အမှားကြောင့်လည်းမဟုတ်ပါ။ထိုသို့ဖြစ်ရခြင်း၏ မှားယွင်း မှုသည် ထိုသို့ငြင်းပယ်သူတို့အပေါ်၌သာ ရှိနေပါသည်။ခေါ်တော်မူခြင်းခံရသူတို့မှ အချို့သည် မိမိတို့တွေ့ရမည် အန္တရယ်ကို မရှိပဲလျှက် ထာဝရအသက်ပေးနိုင်သော နှုတ်ကပတ်တော်ကို ငြင်းပယ်ကြပါသည်။အချို့တို့ကား လက်ခံကြသော်လည်း စိတ်နှလုံးအတွင်း၌ ကြာရှည်စွာ မတည်ရှိစေကြပါ။ထိုကြောင့် ခဏတဖြုတ်သာရှိသော ယုံကြည်ခြင်းမှ ထွက်ပေါ်လာသည့် ဝမ်းမြောက်မှုသည် တဒင်္ဂအတွင်းတွင် ပျောက်ကွယ်သွားပါသည်။အချို့တို့မှာ နှုတ်ကပတ်တော်မျိုးစေ့ကို စိတ်ရှုပ်ထွေးစရာ ပူပန်မှုများဖြင့်၎င်း၊လောကီတက်မက်မှုများဖြင့်၎င်း၊ ပိတ်ဆို့စေသဖြင့် အသီးမသီးနိုင်ဖြစ်စေပါသည်။--- ဤအကြောင်းအရာများကို ကျွန်ုပ်တို့၏ ကယ်တင်ရှင်က မျိုးစေ့ကြဲသူ ဥပမာတော်၌ သွန်သင်ပါသည်။မဿဲ ၁၃။

**စာပိုဒ် (၁၀)** သို့သော် ဧဝံဂေလိတရားအားဖြင့် ခေါ်ခြင်းခံရသူ အချို့တို့သည် ခေါ်သံကို နာခံကြ၏။ ထိုသို့ ဖြစ်ရခြင်းကိုလည်း ပလဲဂီးယပ်(စ်)က ခုခံကာကွယ်သကဲ့သို့ လူတိုင်းတို့အပေါ်၌ ယုံကြည်ဖို့ရန်နှင့် ပြောင်းလဲဖို့ရန် လုံလောက်စွာ ထောက်ပံ့ထားသည့် ကျေးဇူးတော်ကို သေချာစွာ အသုံးပြုလျှက် မိမိတို့ကိုယ်ကိုယ် အခြားသူများနှင့် ခြားနားစေမှုကြောင့် ဖြစ်၏ ဆိုသည့် လွဲမှားသည် အချက်ကို မှတ်ယူ၍ မရပါ။ဤသို့ဖြစ်ရခြင်းအတွက် ဘုရားသခင်ကိုသာ လုံးလုံးလျားလျား မှတ်ယူရပါမည်။ဘုရားသခင်သည် သူ၏ လူအများကို သခင်ခရစ်တော်၌ ထာဝရကာလမှာပင် ရွေးကောက်တော်မူပါသည်။ထို့ကြောင့်သူတို့အား ယုံကြည်ခြင်းနှင့် နောင်တရခြင်းတို့ကို အပ်နှင်းပါသည်။အမိုက်မှောင်၏ တန်ခိုးမှနေ၍ ကယ်တင်ပါသည်။ထို့အပြင် သူ၏သားတော်နိုင်ငံတော်အတွင်းသို့ ပြောင်းလဲစေပါသည်။ထိုသို့ပြုရခြင်းမှာ ထိုသူတို့အား အမိုက်မှောင်မှနေ၍ သူ၏ အံ့သြဖွယ် အလင်းတော်ထဲသို့ ပြောင်းလဲစေသူ၏ ကျေးဇူးတော်ချီးမွမ်းဖွယ်ရာများကို ဖော်ပြကြရန်ဖြစ်၏။မိမိတို့ကိုယ်ကိုယ် ချီးမွမ်းကြရန် မဟုတ်ဘဲ၊ တမန်တော်များက နေရာအများတွင် သက်သေခံထားကြသည့်အတိုင်း သခင်ဘုရားကိုသာ ချီးမွမ်း ဂုဏ်ပြုကြရန် ဖြစ်သည်။

**စာပိုဒ် (၁၁)** သို့သော် ဘုရားသခင်သည် ရွေးကောက်တော်မူခြင်း ခံရသူတို့ထံ၌ သူ၏ ကောင်းမြတ်သော ကျေနပ်မှုကို ပြည့်စုံစေသောအခါ(သို့) သူတို့ထံ၌ စစ်မှန်သော ပြောင်းလဲခြင်းကို ဖြစ်ပွားစေသည့်အခါ  ဧဝံဂေလိ တရားတော်ကို အပြင်ပန်းမှသာ ဟောကြားစေလျှက် သူတို့သည် ဘုရားသခင်၏ ဝိညာဉ်တော်နှင့် ဆိုင်သောအရာ များကို ခွဲခြားသိမြင် သဘောပေါက်ကြမည့်အကြောင်း သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သူတို့၏ စိတ်နှလုံး များ၌ တန်ဖိုးကြီးစွာ ဆလင်ပေးသည်သာမကပါ၊ သို့သော် ထိုပြောင်းလဲစေတော်မူသော် ဝိညာဉ်တော်၏ အစွမ်းအာနိသင်ဖြင့် လူသား၏ အနက်ရှိုင်းဆုံးအပိုင်းသို့လည်း ပျံ့နှံ့ဝင်ရောက်လျှက် ပိတ်ဆို့နေသော နှလုံးသားကို ပွင့်လာစေ၏။ခိုင်မာသော နှလုံးသားကို ပျော့ပြောင်းစေ၏။အရေဖျားလှီးခြင်း အခံရသေးသော နှလုံးသားကို အရေ ဖျားလှီးခြင်း ခံစေ၏။လူသား၏ အလိုဆန္ဒသို့ အသစ်သောအရည်အချင်းများကို ဖြည့်စွမ်းပေး၏။ ထိုသို့သောအား ဖြင့် ထိုအချိန်မတိုင်မှီအထိ သေဆုံးလဆက်ရှိသည်ကို ပြန်၍ ရှင်သန်လာစေ၏။ဆိုးညစ်သော၊ မနာခံသော ဆိုဆုံးမ၍မရသော အပြစ်မှနေ၍ ကောင်းမြတ်သော သစ်ပင်သည် ကောင်းမြတ်သော အသီးများသီးလာသကဲ့သို့ ကောင်းသော အကျင့်တရားများ ရရှိလာရန် စေ့ဆော်တိုက်တွန်း၏။အင်အားတိုးစေ၏။

**စာပိုဒ် (၁၂)** ဤသည်ကား သမ္မာကျန်းစာက မြင့်မားစွာ ချီးမွမ်းထောပနာပြုသည့် အသစ်ပြုပြင်ခြင်း အ ကြောင်းဖြစ်၏။အသစ်သော ဖန်ဆင်းခြင်းဟု အမည်ပေးထား၏။ကျွန်ုပ်တို့၏ ထောက်ပံ့မှုမပါဘဲ ဘုရားသခင်က လုပ်ဆောင်သည့် သေခြင်းမှ ရှင်သန်ထမြောက်ခြင်း၊ ရှင်သန်ခြင်းဟု ခေါ်၏။ဤအကြောင်းအရာများသည် အပြင်ပန်း ဧဝံဂေလိတရား ဟောကြားရုံသက်သက်မျှဖြင့်၎င်း၊ ကိုယ်ကျင့်သိက္ခာအရ အနုနည်းနှင့် ဆုံးမရုံ သက်သက်မျှဖြင့်၎င်း၊ဖြစ်ပွားနိုင်သည် မဟုတ်ပါ။(သို့)ဘုရားသခင်မှနေ၍ သူလုပ်ရမည့် အစိတ်အပိုင်းကို ပြုလုပ်ပြီး ဖြစ်သော်လည်း အသစ်ပြုပြင်ခြင်းခံရဖို့ရာနှင့် အခံဖို့ရာသည်၎င်း၊ အသက်တာပြောင်းလဲခြင်းနှင့် မပြောင်းလဲဘဲ ဆက်လက်အသက်ရှင်ခြင်းသည်၎င်း၊ လူသား၏ လုပ်ဆောင်နိုင်စွမ်း အပေါ်၌သာ တည်မှီနေပါသေးသည် ဆိုသည့် လုပ်ကိုင်မှုပုံစံအတိုင်းလည်း ဖြစ်ပွားခြင်းမဟုတ်ပါ။သို့သော် ဤအကြောင်းအရာသည် သဘာဝလွန်အဖြစ်အပျက် ဖြစ်သည့်အကြောင်း၊ အလွန်တန်ခိုးကြီးသောအရာ ဖြစ်သည့် အကြောင်းထင်ရှားလျှက်ရှိပါသည်။တချိန်းတည်းတွင် အလွန်နှစ်သက်စရာကောင်း၏။အလွန်အံ့သြစရာကောင်း၏။အလွန်လျှို့ဝှက်ဆန်းကြယ်လှ၏။ဖော်ပြခြင်းငှာ မစွမ်း နိုင်ဖြစ်၏။ဖန်ဆင်းခြင်းတန်ခိုးအာနိသင်ထက် မလျှော့သော အာနိသင်သည်လည်း ဖြစ်၏ (သို့) သေခြင်းမှ ရှင်သန် ထမြောက်ခြင်း တန်ခိုးထက်မလျှော့သော တန်ခိုးလည်းဖြစ်၏။ထိုသို့ပင် သမ္မာကျမ်းစာ၌ ဤအကြောင်းအရာကို ဖြစ်ပွားစေသူ (ဘုရားသခင်)က ကြေညာထားပါသည်။ထိုကြောင့် ဤအံ့ဘွယ်သစရာကောင်းသည့် နည်းလမ်းနှင့် စိတ်နှလုံး၌ ဘုရားသခင်၏ ပြုပြင်တော်မူသော ခံရသူမှန်သမျှတို့သည် သေချာစွာ မမှားယွင်းနိုင်စွာ အကျိုး အာနိသင် သက်ရောက်စွာ အသစ်ပြုပြင်ခြင်းကို ရရှိကြ၍ စစ်မှန်စွာ ယုံကြည်လာကြပါသည်။ထိုသို့သောအားဖြင့် အသစ်ကဲ့သို့ဖြစ်အောင် ပြန်လည်ပြုလုပ်ထားသည့် အလိုဆန္ဒသည် ဘုရားသခင်၏ လွှမ်းမိုးခြင်းနှင့် စေ့ဆော်တိုက် တွန်းခြင်းကိုသာ ခံရသည်မဟုတ်ပါ။ထိုသို့လွှမ်းမိုးခြင်းနှင့် စေ့ဆော်တိုက်တွန်းခြင်းကိုသာ ခံရသည်မဟုတ်ပါ။ ထိုသို့လွှမ်းမိုးခြင်း၏ အကျိုးဆက်အားဖြင့် ထကြွနိုးကြားလာပါသည်။ထို့အတူ သူလက်ခံရရှိသော ကျေးဇူးတော်၏ ကောင်းမြတ်ခြင်းတရားအားဖြင့် နောင်တရ၍ ယုံကြည်လာသည်ဟု မိမိကိုယ်ကိုယ် မှန်ကန်စွာ ပြောလာနိုင်ပါသည်။

**စပိုဒ်(၁၃)** ထိုသို့ လှုပ်ရှားလုပ်ကိုင်ပုံနည်းလမ်းကို ယုံကြည်သူတို့သည် ယ္ခုဘဝတွင် အပြည့်အဝ နားမလည် နိုင်ပါ။သို့ဖြစ်သော်ငြားလည်း သူတို့သည် ဘုရားသခင်၏ ကျေးဇူးတော်ကြောင့်သာ နှလုံးသားမှ ယုံကြည်နိုင် ကြောင်း ကယ်တင်ရှင်ကို ချစ်နိုင်ကြောင်း သဘောပေါက်နားလည်လျှက် လက်တွေ့ခံစားလျှက် ကျေနပ်စွာနှင့် နေထိုင်ကြပါသည်။

**စာပိုဒ် (၁၄)** ထိုကြောင့် ယုံကြည်ခြင်းသည် ဘုရားသခင်၏ ကျေးဇူးသာဖြစ်ကြောင်း ဘုရားသခင်မှ လူသားထံ ကမ်းလှမ်းသည့်အရာကို ဘုရားသခင်၏ ကျေနပ်တော်မူမှု၌ လူသားကလက်ခံခြင်း (သို့) ငြင်းပယ်ခြင်းကြောင့် မဟုတ်ကြောင်း သိမှတ်ရပါမည်။အဘယ်ကြောင့်ဆိုသော် အမှန်တကယ်အားဖြင့် ဤအရာသည် လူသားသို့ အပ်နှင်းထားသည့်အရာ မှုတ်သွင်းထားသည့်အရာ၊ ဖြည့်စွမ်းထားသည့်အရာသာ ဖြစ်ပါသည်။တနည်းအားဖြင့် ဆိုသော် ဘုရားသခင်က လူသားထံ ယုံကြည်နိုင်သော တန်ခိုး (သို့) အစွမ်းသတ္တိကို ပေးသနားတော်မူ၏။ ထိုနောက်လူသားသည် မိမိ၏ လွတ်လပ်စွာ ရွေးချယ်ခွင့်ကို လက်တွေ့အသုံးပြုလျှက် ကယ်တင်ခြင်း စည်းကမ်း ချက်များကို သဘောတူလက်ခံလျှက် သခင်ခရစ်တော်ကို အမှန်တကယ် ယုံကြည်မည့်အကြောင်း မျှော်လင့်တော် မူသည်။အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် လူသားထံတွင်လိုချင်သော ဆန္ဒနှင့် တကယ်လက်တွေ့ ပြုလုပ်ခြင်းကိုလည်ကောင်း အမှန်တကယ်ပင် အရာခပ်သိမ်းကိုင်း၊ ယုံကြည်သောဆန္ဒနှင့် တကယ့်လက်တွေ့ ယုံကြည်လာခြင်းဆိုသည့် ပြုလုပ်မှုကိုင်း၊ ထွက်ပေါ် လာစေပါသည်။

**စာပိုဒ် (၁၅)** ဘုရားသခင်သည် တစုံတစ်ဦး၏ အပေါ် တွင် ဤကျေးဇူးတော်ကိုအပ်နှင်းရန် တာဝန်မရှိပါ။ အဘယ်သို့လျှင် ဘုရားသည် လူသားထံ၌ အကြွေးတင်နိုင်မည်နည်း။ထိုသို့ကျေးဇူးတုန့်ပြန်ရန် ဘုရားသခင်ကို မည်သူသည် ကြိုတင်၍ လက်ဆောင်များကို ပေးပါသနည်း။မရှိပါ။လူသား၏ တကယ်ပိုင်ဆိုင်မှုသည် အပြစ်တရား သက်သက်နှင့် အသွေးအသားဆန္ဒတို့သာ ဖြစ်သည်မဟုတ်လော။ထိုကြောင့် ကျေးဇူးတရားကို ရရှိပိုင်ဆိုင်သူသည် ဘုရားသခင်အား ထာဝရ ကျေးဇူးတင်ခြင်းဆိုသည့် အကြွေးတင်သူ၊ ထာဝရပင် ကျေးဇူးတော်ချီးမွမ်းရမည့်သူ ဖြစ်သည်။

**စာပိုဒ် (၁၆)** သို့သော်လူသားသည် အပြစ်တရား၌ ကျဆုံးသွားပြီးအချိန်၌လည်း အလိုဆန္ဒနှင့် လိုခြင်ခြင်းများ အပ်နှင်းထားခြင်းခံရသည့် ဖန်ဆင်းခံလူသားအဖြစ်မှ နေ၍ ရပ်ဆိုင်းသွားခြင်းမရှိပါ။လူသားတစ်ရပ်လုံးသို့ ပြန်နှံ့သွားသည့် အပြစ်ကြောင့်လည်း လူသားဘဝသည် ပျောက်ဆုံးသွားခြင်းမရှိပါ။သို့သော်ထိုကျဆုံးခြင်းက သူ့ထံ ပျက်စီးနေခြင်းအဖြစ်နှင့် ဝိညာဉ်ရေးရာ သေဆုံးခြင်းအဖြစ်ကို ယူဆောင်လာခဲ့ပါသည်။ထို့အတူ အသစ်ပြုပြင် ပြောင်းလဲခြင်း၏ ကျေးဇူးတော်ကလည်း လူသားတို့ကို အပြစ်လုံးဝမရှိတော့သည့် ပင်စည်များ သစ်တုံးများ ဖြစ်မလာစေပါ။ထိုအရာများကိုလည်း အတင်းအဓမ္မ မဖျောက်ဖျက်ပါ။သို့သော် ဝိညာဉ်ရေး အသက်ဝင်စေပါသည်။ အနာပျောက်ကင်းစေပါသည်။အမှားပြင်းပေးပါသည်။တချိန်တည်းတွင် ချိုမြိန်စွာနှင့် ထိုအလိုဆန္ဒကို ပြောင်းစေပါ သည်။ထို့ကြောင့် ပထမက လွှမ်းမိုးခဲ့သည့် ဇာတိပကတိ ပုန်ကန်ခြင်း၊ ခုခံတွန်းလှန်ခြင်းတို့၏ နေရာ၌ အသစ်ဖြစ်ခြင်းနှင့် ရိုးသားသည့် ဝိညာဉ်ရေးရာ နာခံမှုတို့စတင်၍ အုပ်စိုးတော့၏။ထိုအထဲတွင် ကျွန်ုပ်တို့၏ စစ်မှန်သော ဝိညာဉ်ရေးရာ မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိစေခြင်းနှင့် အလိုဆန္ဒ၏ လွတ်လပ်ခြင်း တို့ပါဝင်နေ၏။ထို့ကြောင့်ပင် ကျွန်ုပ်တို့ထံ၌ ကောင်းမြတ်သော အလုပ်အကိုင်တိုင်းကို လုပ်ဆောင်ပေးသူ၏ ပြုပြင်တော်မူမှုသာ မရှိပါက လူသားသည် မိမိ၏ လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ဖြင့် ထိုအပြစ်တရားအတွင်း ကျဆုံး နေသောအဖြစ်မှ ပြန်လည်၍ ကောင်းမွန်လာမည့် မျှော်လင့်ချက်မရှိနိုင်ပါ။အပြစ်မရှိခဲ့သေးသည့် အခြေအနေ၌ လူသားသည် ထိုလွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခဲ့သဖြင့် မိမိကိုယ်ကိုယ် ပျက်စီးခြင်းအတွင်းသို့ နှစ်မြုပ်စေခဲ့ပြီးဖြစ်သည်။

**စာပိုဒ် (၁၇)** ဘုရားသခင်သည် သူ၏ခွန်အားကြီးသော လုပ်ဆောင်မှုအားဖြင့် ကျွန်ုပ်တို့၏ သဘာဝ အသက် တာကို ထောက်ပံ့မဆ ကြာရှည်စေပါသော်လည်း ထိုသို့ဖြစ်ရန် နည်းလမ်းများအသုံးပြုခြင်း လိုအပ်နေမှုကို မပစ် ပယ်သင့်ပါ။ထိုနည်းလမ်းများကို ရွေးချယ်အသုံးပြုလျှက် ဘုရားသခင်သည် သူ၏ အနန္တဖြစ်သော ဂရုဏာတော် ကောင်းမြတ်ခြင်းတို့၏ လွှမ်းမိုးမှုကို ဩဇာသက်ရောက်စေပါသည်။ထို့အတူ အထက်ကဖော်ပြခဲ့သော ဘုရားသခင် ပြုတော်မူသည့် သဘာဝလွန်လုပ်ဆောင်မှုသည်လည်း ဤသို့ပင်ဖြစ်၏။ထိုလုပ်ဆောင်မှုအားဖြင့် ကျွန်ုပ်တို့သည် အသစ်ပြုပြင်ခြင်းသို့ ရောက်ရှိကြပါသည်။ထိုသို့သော လုပ်ဆောင်မှုက ဧဝံဂေလိတရားဟောကြားခြင်းကို လုံးဝ အပြစ်ပယ်ပါ။(သို့) မပျက်စီးပါ။ထိုသို့ဟောကားခြင်းကိုပင် ပညာအရှိဆုံးသော ဘုရားသခင်က အသစ်ပြုပြင်ခြင်း သို့ ရောက်စေသော မျိုးစေ့အဖြစ်နှင့်၎င်း၊ ဝိညာဉ်၏ အစားမစာအဖြစ်၎င်း၊ ခန့်ထားတော်မူ၏။ထိုကြောင့် လူအများတို့ကို ဘုရားသခင်၏ ကျေးဇူးတော်နှင့် သက်ဆိုင်သည့် အကြောင်းများအား ဘုန်းတော်ထင်ရှားဖို့ရန် အတွက်နှင့် မာနကြီးခြင်းကို နှိမ့်ချဖို့ရန် တမန်တော်များအား ဘုန်းတော်ထင်ရှားဖို့ရန်အတွက်နှင့် မာနကြီးခြင်းကို နှိမ့်ချဖို့ရန် တမန်တော်များနှင့် အရင်ကရရှိခဲ့သော ဆရာများက ဘုရားတရားကိုင်းရှိုင်းစွာနှင့် သွန်သင်ခဲ့ကြသလို တချိန်တည်းတွင်း နုတ်ကပတ်တော် ပွဲတော်မင်္ဂလာများနှင့် စည်းကမ်းထိန်းသိမ်းခြင်းတို့ကို လက်တွေ့အသက်ရှင် ရာ၌ ဧဝံဂေလိတရား၏ မြင့်မြတ်သန့်ရှင်းသော ဥပဒေသများအား ထိန်းသိမ်းစောင့်လျှောက်ခြင်းကို လစ်လျူမှုကြ ရန်လည်း သွန်သင်ကြပါသည်။သူတို့သွန်သင်ခဲ့ကြသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ထိုကြောင့် သူတို့သည် ဤကဲ့သို့ ဘုရားသခင်ကိုယ်တော်တိုင်က စေတနာအလိုတော်ရှိသဖြင့် ရင်းနှီးလှစွာ အတူတကွ ဆက်စပ်ထားရှိသည်ကို ခွဲခြားသည်ဟု အသင်းတော်အတွင်း၌ သွန်သင်၍ ဘုရားသခင်အား စုံစမ်းနှောက်ယှက်လျှက် ယုံမှတ်သူများဟု ယူဆသည်မှာ လုံးဝမဟုတ်ပါ။အဘယ်ကြောင့်ဆိုသော် ဆုံးမခြင်းဖြင့် ကျေးဇူးတရားကို ကျွန်ုပ်တို့ ပေးအပ်တော်မူ ပါသည်။ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားများကို လိုလိုလားလားနှင့် ဆောင်ရွက်လေလေ ကျွန်ုပ်တို့ထံ၌ လုပ်ဆောင်နေ သော ဘုရားသခင်၏ ကောင်းချီးမင်္ဂလာသည် ပို၍ထင်ရှားလေဖြစ်သည်။ဘုရားသခင်၏ လုပ်ဆောင်တော်မူမှုသည် ပို၍တိုက်ရိုက်ကျစွာ တိုးတက်လေဖြစ်၏။သူ့ထံ၌သာ ထိုနည်းလမ်းနှစ်မျိုးလုံး၏ ဘုန်းအသရေသည်၎င်း၊ အကျိုးအာနိသင်အတွက် ဘုန်းအသရေသည်၎င်း ထာဝရပင် ရှိနေပါတော့မည်သတည်း။အာမင်။

**စစ်မှန်သော အယူဝါဒကို ရှင်းလင်းဖော်ပြီးသည့်အခါ အထွေထွေညီလာခံကြီးက**

**အောက်ဖော်ပြပါ မှားယွင်းသော သွန်သင်ချက်များကို ငြင်းပယ်ခဲ့၏။**

(၁)

မူလအပြစ်သည် လူသားတစ်ရပ်လုံး ပြစ်ဒါဏ်ချမှတ်ခြင်းကို ခံရန် လုံလောက်သော အချက်ဖြစ်သည် (သို့) ယ္ခုဘဝနှင့် ထာဝရအပြစ်ဒါဏ်ခတ်ခြင်းကို ခံထိုက်သည့် အကြောင်းအရင်းဖြစ်သည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသွန်သင်ချက်က တမန်တော်ကြီး၏ သွန်သင်မှုနှင့် ဆန့်ကျင်ဖက်ဖြစ်နေပါသည်။ တမန်တော်ကြီးက ** အပြစ်တရားသည် တယောက်သောသူအားဖြင့် ဤလောကသို့ဝင်၍ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ လူအပေါင်းတို့သည် အပြစ်ရှိကြသောကြောင့် သေခြင်းသို့ ရောက်ကြ၏☆☆ ရော ၅း၁၂ ဟု ကြေညာခဲ့၏။ထို့အပြင် **တရားစီရင်သောအရာမှ အပြစ်တစ်ခုကြောင့် ဒါဏ်ခံစေဟု စီရင်၏☆☆ အပြစ်တရား၏ အခကား သေခြင်းပေတည်း☆☆ ရောမ ၆း၂၃ ဟုလည်း ကြေညာခဲ့ပါသည်။

(၂)

အစပထမဖန်ဆင်းချိန်က လူသားသည် ဝိညာဉ်ရေးရာ ဆုကျေးဇူးများ (သို့)ကောင်းသော အရည်အချင်း များနှင့် ကောင်းမြတ်ခြင်းတရားများဖြစ်သော ကောင်းမြတ်ခြင်း၊ သန့်ရှင်းခြင်း၊ ဖြောင့်မြတ်ခြင်းများကို သူ၏ အလိုဆန္ဒအတွင်း၌ မပိုင်ဆိုင်ခဲ့ပါ။တို့ကြောင့် အပြစ်တရားအတွင်း ကျဆုံးချိန်၌လည်း ထိုတရားများနှင့် ကွဲကွာသွားသည် ဆိုခြင်းမှာ မဖြစ်နိုင်ပါဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသွန်သင်မှုက ဘုရားသခင်၏ ပုံသဏ္ဍာန်တော်အား ဖေါ်ပြထားချက်ကို ဆန့်ကျင်နေပါသည်။ထိုပုံသဏ္ဍာန်တော်ကို တမန်တော်ကြီးက ဧဖက် ၄း၂၄ ဤဖေါ်ပြထားပါသည်။ပုံသဏ္ဍာတော် တွင် လူသားတို့အလိုဆန္ဒ၌ သံသယဖြစ်စရာ မလိုအောင် ပါဝင်နေသည့် ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းတို့ ပါဝင်နေသည်ဟု ကြေညာထားပါသည်။

(၃)

လူသား၏ အလိုဆန္ဒသည် မည်သည့်အခါကမျှ ပျက်စီးခြင်းမရှိခဲ့သောကြောင့် ဝိညာဉ်သေခြင်းတွင် ဝိညာဉ်ရေးရာဆုကျေးဇူးများသည် လူသား၏အလိုဆန္ဒ၏ ကွဲကာ၍မသွားပါ။အလိုဆန္ဒသည် နားလည်တတ်မှု အမိုက်မှောင်နှင့် ပုံမှန်မဟုတ်သော တက်မက်မှုများဖြင့်သာ နှောက်ယှက်ခြင်းကို ခံရပါသည်။ထိုနှောက်ယှက်ခြင်းကို ဖယ်ရှားလိုက်ပါက အလိုဆန္ဒသည် နဂိုရှိပြီးဖြစ်သည့် တန်ခိုးစွမ်းအားများကို လက်တွေ့လှုပ်ရှားစေနိုင်ပါသည်။ထို စွမ်းအားများဆိုသည်မှာ သူ့ရှေ့၌ ရောက်လာသည် ကောင်းမြတ်ခြင်းများကို လိုချင်ဆန္ဒရှိလျှက် ရွေးချယ်နိုင်ခြင်း (သို့) လိုဆန္ဒမရှိဘဲလျှက် မရွေးချယ်ပဲနေနိုင်ခြင်းတို့ ဖြစ်ပါသည်ဟု သွန်သင်ခြင်း။

ဤသွန်သင်ခြင်းသည် အသစ်အဆန်းတီထွင်မှုတစ်ခုနှင့် အမှားတစ်ခုသာဖြစ်ပါသည်။ပရောဖက်က ကြေ ညာ ထားသည်ကို ဆန့်ကျင်လျှက် လွတ်လပ်စွာရွေးချယ်နိုင်ခြင်း၏ တန်ခိုးစွမ်းအားများကို တိုးမြှင့်ရန် ဦးတည်ခြင်း သာဖြစ်ပါသည်။ပရောဖက်က ** စိတ်နှလုံးသည် ခပ်သိမ်းသောအရာထက် စဉ်းလဲတတ်၏။အလွန်ယိုယွင်းသော သဘောရှိ၏။စိတ်နှလုံး၏ သဘောကို အဘယ်သူ သိနိုင်သနည်း☆☆ ဟု ယေရမိ ၁၇း၉ ၌ ကြေညာထားပါသည်။ ထိုအပြင်တမန်တော်ကြီးက**ထိုပြင်းဆန်သော သူတို့နှင့်တကွ ငါတို့ရှိသမျှသည် အထက်ကကိုယ်ကာယအလိုသို့၎င်း၊ စိတ်၏ အလိုသို့၎င်း၊ လိုက်သဖြင့် ကာမဂုဏ်တို့၌ ကျင်လည်သည်ဖြစ်၍ ကြွင်းသောသူတို့ကဲ့သို့ပင် ပကတိအတိုင်း အမျက်တော်ကို ခံရသောသူ ဖြစ်ကြ၏☆☆ ဧဖက် ၂း၃ ဟု ကြေညာခဲ့ပါသည်။

(၄)

အသစ်ပြုပြင်ခြင်းမခံရသူ လူသားသည် အပြစ်တရားအတွင်း၌ လုံးလုံးလျှားလျှား အမှန်တကယ် သေဆုံး ခြင်းမရှိပါ။ဝညာဉ်ရေးရာ တန်ခိုးစွမ်းအားများနှင့် ဝိညာဉ်ရေးရာ တန်ခိုးစွမ်းအားများနှင့် ဝိညာဉ်ရေးရာ တန်ခိုး စွမ်းအားများနှင့် ဝိညာဉ်ရေးကောင်းမြတ်ခြင်းများ ကင်းမဲ့မှုမျိုးလည်းမရှိပါ။သို့သော်သူသည် အသက်ရှင်ခြင်းနှင့် ဖြောင့်မတ်ခြင်းတရားကို ဆာငတ်နိုင်ပါသေးသည်။ဘုရားသခင်အား ကျေနပ်စေသည့် ကျိုးပဲ့ကြေမွသောဝိညာဉ် ဆိုသည့်ယစ်ကို ပူဇော်နိုင်ပါသေးသည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသို့သွန်သင်ခြင်းက သမ္မာကျမ်းစာ၏ သက်သေခံမှုကို ဆန့်ကျင်နေပါသည်။ **သင်တို့သည် အထက်က ဒုစရိုက်အပြစ်၌ သေလျှက်ရှိကြပါသည်☆☆ ၂း၁၊၅။**မြေကြီးပေါ်မှာ လူအပြစ်ကြီး၍ သူ၏စိတ်နှလုံးအကြံအစည် ရှိသမျှတို့သည် အစဉ်မပျက် ဆိုးညစ်ခြင်းသက်သက်ရှိ၏☆☆ ကမ္ဘာ ၆း၅၊ ၊ ၈း၂၁။

ထိုအပြင် ဒုက္ခဆင်းရဲခြင်းမှ လွတ်မြောက်စေခြင်းကို ဆာငတ်နိုင်ခြင်း၊ အသက်ရှင်ခြင်းကို ဆာငတ်နိုင်ခြင်းနှင့် ကျိုးပဲ့ကြေမွသော ဝိညာဉ်ဆိုသည့်ယစ်ကို ဘုရားသခင်ထံ ဆက်ကပ်နိုင်ခြင်းတို့သည့် အသစ်ပြုပြင်ခြင်းခံရသူ ၊ မင်္ဂလာရှိသူဟု ခေါ်ဆိုခြင်းခံရသူတို့နှင့်သာ အထူးသက်ဆိုင်နေပါသည်။ ဆာလံ ၅၁း၁၀၊၁၉။မဿဲ ၅း၆။

(၅)

ပျက်စီးနေသော ဇာတိလူသားသည် လူတိုင်းနှင့်ဆိုင်သော ကျေးဇူးတော် (ဤစကားလုံးကို ထိုသူတို့က ထာဝရဘုရား၏ အလင်းဟု နားလည်ကြပါသည်) ကို ကောင်းမွန်စွာ အသုံးချတတ်ပါသည်။ သို့မဟုတ် အပြစ်တရား အတွင်း ကျဆုံးပြီးအချိန်၌လည်း ထိုဆုကျေးဇူးများသည် သူထံ၌ရှိနေပါသေးသည်။ထိုကြောင့် သူသည် ၄င်းတို့ကို ကောင်းမွန်စွာ အသုံးချခြင်းဖြင့် တဖြည်းဖြည်း သာ၍ ကြီးမြတ်သော အရာကို ရရှိနိုင်ပါသေးသည်။ သာ၍ကြီးမြတ်သော အရာဆိုသည်မှာ ဧဝံဂေလိတရားအားယုံကြည်နိုင်ခြင်း (သို့)ကယ်တင်သော ကျေးဇူးတော်ကို ပိုင်ဆိုင်နိုင်ခြင်းနှင့် ကယ်တင်ခြင်းကိုပင် ရရှိနိုင်ခြင်းတို့ဖြစ်ပါသည်။ထိုသို့သော နည်းလမ်းဖြင့် ဘုရားသခင်သည် မိမိကိုယ်ကို သခင်ခရစ်တော်အားဖြင့် လူသားအားလုံးတို့ထံသို့ ဖော်ပြတော်မူရန် အဆင်သင့်ရှိနေပါသည်။ ပြောင်းလဲခြင်းသို့ရောက်ရန်လိုအပ်သည့် အရာများအားလုံးကို လူသားတို့ထံ၌ ပြည့်စုံလုံလောက်စွာ ပေးအပ်ထားပြီး ဖြစ်ပါသည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသွန်သင်ခြင်းသည် မှန်ကန်မှုမရှိကြောင်းသမ္မာကျမ်းစာနှင့် ခေတ်ကာလ အဆက်ဆက်မှ အတွေ့အကြုံများက သက်သေခံလျှက်ရှိပါသည်။**နုတ်ကပတ် အမိန့်တော်ကို ယာကုပ်အမျိုး၌၄င်း၊ စီရင်ထုံးဖွဲ့တော်မူချက်များကို ဣသရေလအမျိုး၌၄င်းဖော်ပြတော်မူ၏။အခြားတစ်ပါးသော အမျိုးသားတို့၌ ထိုသို့ပြုတော်မမူ။ စီရင်တော်မူချက်များကို သူတို့မသိရကြ✡✡ ဆာလံ ၁၄၇း၁၉-၂၀။**ရှေးလွန်လေပြီးသော ကာလတို့၌ လူအမျိုးမျိုးတို့သည် မိမိတို့အလိုလျှောက် ကျင့်ကြမည်အကြောင်း ဘုရားသခင်သည် လွှတ်ထားတော် မူ၏✡✡တမန် ၁၄း၁၆။**ဖြုဂိပြည်၊ ဂလာတိပြည်ကို လျှောက်သွားပြီးမှ အာရှိပြည်၌ နုတ်ကပတ်တရားတော်ကို မဟောစေခြင်းငှာ သန့်ရှင်းသော ဝိညာဉ်တော်သည် မြစ်တားတော်မူသဖြင့် မုသိပြည်သို့ရောက်၍ ဗိသုန်ပြည်သို့သွားမည်ပြုကြစဉ်၊ ဝိညာဉ်တော်သည် အခွင့်ပေးတော်မမူသောကြောင့်၊ မုသိပြည်အနားမှာလျှောက်၍ တရောမြို့သို့ရောက်ကြ၏✡✡ တမန်၁၆း၆-၈။

## (၆)

စစ်မှန်သော ပြောင်းလဲခြင်း၌ လူသား၏အလိုဆန္ဒထဲတွင် ဘုရားသခင်က အသစ်သော အရည်အချင်းများ၊ တန်ခိုးစွမ်းအားများ (သို့) ဆုကျေးဇူးများကို ထည့်သွင်းခြင်းသည် မဖြစ်နိုင်ပါ။ထိုကြောင့် ယုံကြည်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ပထမဦးစွာ ပြောင်းလဲလာကြသည်။ထိုကြောင့်ကျွန်ုပ်တို့ကို ယုံကြည်သူများဟု ခေါ်ကြသည်ဆိုသော အရာများသည် ဘုရားသခင်မှထည့်သွင်းပေးသော အရည်အချင်း (သို့) ဆုကျေးဇူးမဖြစ်နိုင်ပါ၊လူသား၏ ပြုလုပ်ချက် တစ်ခုသာဖြစ်သည်။ ဆုကျေးဇူးဟု ပြော၍မရပါ။ယုံကြည်ခြင်းအားဖြင့် ထိုစွမ်းအားကို ရရှိလာခြင်း ဆိုသည်သာလျှင် ဆုကျေးဇူးဖြစ်သည်ဟု သွန်သင်ခြင်း။

ထိုသို့သွန်သင်သူတို့သည် သမ္မာကျမ်းစာကို ဆန့်ကျင်နေကြပါသည်။သမ္မာကျမ်းစာက ဘုရားသခင်သည် ယုံကြည်ခြင်း၏ အသစ်သောအရည်အချင်းများ၊ နာခံမှုနှင့် ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို သေချာစွာခံစားနိုင် ခြင်းအား ကျွန်ုပ်တို့၏ နှလုံးသားအတွင်းသို့ ထည့်သွင်းသည်ဟု ကြေညာလျှက်ရှိ၏။**ငါထာဝရဘုရားသည် ငါ၏ ပညတ်တရားကို သူတို့အတွင်းသို့သွင်းမည်။သူတို့နှလုံးသားပေါ်မှာ ရေးထားမည်✡✡ ယေ၃၁း၃၃။**ရေငတ်သောသူ အပေါ်မှာ ရေကိုငါသွန်းလောင်း၍ သွေ့ခြောက်သောမြေကို ရေလွှမ်းမိုးစေမည်။သင်၏အမျိုးအပေါ်မှာ ငါ့ဝိညာဉ်ကို ၄င်း၊ သင်၏အနွယ်အပေါ်မှာ ငါ့ကောင်းချီးမင်္ဂလာကို၄င်း ငါသွန်းလောင်းမည်✡✡ ဟေရှာ ၄၄း၃။**ငါတို့အားပေးတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရားသခင်၏ မေတ္တာတော်ကို ငါတို့စိတ်နှလုံးထဲသို့သွန်းလောင်းတော်မူ၏✡✡ ရောမ ၅း၅။ထို့အတူအသင်းတော်၏ စဉ်ဆက်မပြတ် လက်တွေ့ကျင့်သုံးနေမှုအရလည်း ဤသွန်သင်ခြင်းသည် စက်ဆုပ်ဖွယ်ရာဖြစ်ပါသည်။အသင်းတော်သည် ပရောဖက် ၏ နုတ်ကိုအသုံးပြုလျှက် ဤသို့ဆုတောင်းပါသည် - **အကျွန်ုပ်ကို သွေးဆောင်တော်မူပါ။သို့ပြုလျှင် အကျွန်ုပ်သည် ပြန်လာပါမည်** ယေ ၃၁း၁၈။

## (၇)

ဘုရားသခင်ထံသို့ ကျွန်ုပ်တို့အားပြောင်းလဲစေသော ကျေးဇူးတော်သည် နူးညံ့သိမ်မွေ့သော အကြံပေးချက် တစ်ခုမျှသာဖြစ်၏။သို့မဟုတ် (အချို့သူတို့ကရှင်းပြသလို)ဤအရာသည် လူသားပြောင်းလဲရာသို့ရောက်ရန် ပြုလုပ်သည့် အမြင့်မြတ်ဆုံးသော လုပ်ဆောင်မှုဖြစ်သည်။ထိုအရာသည် အကြံပေးချက်အတွင်း၌ တည်ရှိလျှက် လူသား၏ သဘာဝနှင့် အလွန်ပင်ကိုက်ညီသည်။ထိုအကြံပေးသော ကျေးဇူးတရားသက်သက်က ဇာတိလူသားအား ဝိညာဉ်ရေးရာလူသားဖြစ်လာစေရန် အဘယ်ကြောင့် မလုံလောက်ရသနည်းဆိုသည့် အချက်ကိုမူ ရှင်းပြ၍ မရနိုင်ပါ။ထိုသို့အကြံပေးသည့် နည်းလမ်းမှလွဲ၍ ဘုရားသခင်သည် လူသားအလိုဆန္ဒ၏ သဘောတူညီမှုကို မထုတ်လုပ်ပေးပါ။ထို့အပြင် ဘုရားသခင်၏ ပြုလုပ်ပေးတော်မူခြင်း၏ တန်ခိုးသည် စာတန်၏ လုပ်ဆောင်မှုထက် သာလွန်ပါသည်။စာတန်က ယခုဘဝနှင့်ဆိုင်သော အကြောင်းအရာတို့ကိုသာ ကတိပေးနေစဉ် ဘုရားသခင်က ထာဝရအသက်ကို ကတိပေးပါသည်ဟု သွန်သင်ခြင်း။

သို့သော် ထိုသို့သွန်သင်ခြင်းသည် ပလဲဂီယန်းအယူဝါဒသက်သက်သာလျှင် ဖြစ်ပြီး သမ္မာကျမ်းစာနှင့် ဆန့်ကျင်နေပါသည်။ ထို့အပြင် လူသားပြောင်းလဲရာသို့ ရောက်စေသည့် သန့်ရှင်းသောဝိညာဉ်တော်၏ ပို၍ ကြီးသော လုပ်ဆောင်မှုတန်ခိုးကိုလည်း ယေဇကျေလကျမ်း၌ ဖော်ပြပါသည်- **စိတ်နှလုံးအသစ်ကို ငါပေးမည်။ သဘောသစ်ကိုသွင်းထားမည်။ သင်တို့ကိုယ်ခန္ဓာထဲက ကျောက်နှလုံးကိုနုတ်၍ အသားနှလုံးကိုပေးမည်။✡✡

## (၈)

လူသားအသစ်ပြုပြင်ခြင်းသို့ ရောက်ရှိရန် ယုံကြည်ခြင်းသို့၄င်း၊ ပြောင်းလဲခြင်းသို့၄င်း လူသားက မမှား ယွင်းစွာနှင့် ထိရောက်စွာ တိမ်းညွတ်လာရန် ဘုရားသခင်သည် သူ၏အနန္တတန်ခိုးတော်၏ ဘုန်းတန်ခိုးတော်များကို အသုံးပြုခြင်းမရှိပါ။ သို့သော် ဘုရားသခင်က လူသားအား ပြောင်းလဲစေရန် အသုံးပြုတော် မူသော ကျေးဇူးတော်၏ လုပ်ဆောင်ပေးခြင်းများအားလုံးကို လူသားသည် တားဆီးနိုင်ပါသည်။ ဘုရားသခင်က လူသား၏ အသစ်ပြုပြင် ပြောင်းလဲခြင်းကို ကြံရွယ်နေချိန် အလိုတော်ရှိနေချိန်တွင် လူသားက ဘုရားသခင်နှင့် သန့်ရှင်းသော ဝိညာဉ် တော်ကို တားဆီးနိုင်ပါသည်။ တခါတရံတွင် လူသားက အမှန်တကယ်ပင် သူ၏ အသစ်ပြုပြင်ခြင်းကို တားဆီး နိုင်ပါသည်။ ထို့ကြောင့် အသစ်ပြုပြင်ရာသို့ ရောက်ရှိခြင်းနှင့် မရောက်ရရှိခြင်းသည် လူသား၏ တန်ခိုးစွမ်အား အပေါ်၌သာ တည်နေပါသည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသို့သွန်သင်ခြင်းသည် ကျွန်ုပ်တို့ပြောင်းလဲရာသို့ ရောက်ရှိခြင်း၌ ဘုရားသခင်၏ ကျေးဇူးတော်၏ လုံလောက်ခြင်းကို ငြင်းပယ်နေခြင်းသာ ဖြစ်သည်။ထို့အပြင် ဘုရားသခင်၏ တန်ခိုးကြီးသော လုပ်ဆောင်းခြင်းက လူသား၏ အလိုဆန္ဒကို ထိန်းချုပ်ထားသည် ဆိုသည့်အမှန်တရားကို ငြင်းပယ်နေခြင်းသာဖြစ်သည်။တမန်တော်ကြီး၏ သွန်သင်မှုကိုလည်း ဆန့်ကျင်ရာရောက်သည်။**ဘုရားသခင်တန်ခိုး တော်၏ လုပ်ဆောင်မှုအရ ကျွန်ုပ်တို့သည် ယုံကြည်ကြ၏✡✡ ဖေက် ၁း၁၉။(ဘုရားသခင်သည်) ကောင်းမြတ်တော်မူခြင်း၏ စေတနာအပေါင်းနှင့် သင်တို့သည် ယုံကြည်ခြင်းအမှုကို တန်ခိုးနှင့် ပြည်စုံစေတော်မူ၏✡✡

၂သက်။၁း၁၂။**ထိုသို့နှင့်အညီ ငါတို့ဘုန်းတော်နှင့် ခေါ်တော်မူသော ဘုရားကို သိသောဉာဏ်အားဖြင့် ငါတို့အား အသက်ရှင်ခြင်း၊ ဘုရားဝတ်၌ မွေ့လျော်တော်မူခြင်းနှင့်ဆိုင်သော အရာရှိသမျှတို့ကို ဘုရားတနခိုးတောသည် ပေးသနားတော်မူပြီ✡✡ ၂ဆပ၁း၃။

(၉)

ကျေးဇူးတော်နှင့် လွတ်လပ်သော ရွေးချယ်ပိုင်ခွင့်တို့၏ အတူတကွလုပ်ဆောင်မှုသည် ပြောင်းလဲရာသို့ရောက်ခြင်း၏ အစအဦးကို ဖြစ်ပွားစေသည့် အကြောင်းအရာတို့၏ တစိတ်တစ်ပိုင်းသာ ဖြစ်ကြ၏။ထိုသို့အတူတကွ လုပ်ဆောင်ရာ၌လည်း ကျေးဇူးတော်၏ လုပ်ဆောင်မှုသည် အလိုဆန္ဒ၏ လုပ်ဆောင်မှု ထက် အရင်မကျပါ။ဆိုလိုသည်မှာ လူသား၏ အလိုဆန္ဒက ပြောင်းလဲခြင်းသို့ရောက်ရန် မလှုပ်ရှားမခြင်း၊ ပြောင်းလဲမှုကိုရရှိရန် စိတ်ဆုံးဖြတ်မှုမရှိမခြင်း ဘုရားသခင်က ပြောင်းလဲစေရန်လူသား၏ အလိုဆန္ဒကို လုံလောက်စွာ ကူညီခြင်းမရှိပါဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော ဤသို့သော ပလဲဂျီးယန်းအယူဝါဒကို ယွှင်အချိန်များကပင် ကနဦးအသင်းတော်က တမန်တော်ကြီး၏ စကားလုံးများဖြင့် ရှုတ်ချငြင်းပယ်ခဲ့ပြီးဖြစ်သည်။**ထိုကြောင့် လိုချင်သူသည် တတ်နိုင်သည်မဟုတ်။ပြေးသောသူသည်လည်း တတ်နိုင်ခြင်းမဟုတ်။ ကျေးဇူးပြုသော ဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏✡✡ ရောမ ၁၉း၁၆။ **အဘယ်သူသည် သင့်ကို ထူးခြားစေသနည်း။သူတစ်ပါးလက်မှ မခံယူပဲ အလိုအလျှောက် ရသောအရာ တစ်စုံတစ်ခုမျှ သင်ရှိသလော✡✡ ၁ကော ၄း၇။အကြောင်းမူက သင်တို့သည် အလိုရှိစေခြင်းငှာ၄င်း၊ အကျင့်ကျင့်စေခြင်းငှာ၄င်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူအားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း✡✡ ဖိ ၂း၁၃။

## အယူဝါဒခေါင်းစဉ်ကြီး(၅)

## သန့်ရှင်းသောသူတို့၏ ဖွဲ့ရှိခြင်;

**စာပိုဒ် (၁)** သူ၏သားတော် ကျွန်ုပ်တို့၏ သခင်ယေရှုခရစ်တော်နှင့် မိတ်သဟာယပြုနိုင်ရန် ဘုရားသခင်က သူ၏ရည်ရွယ်ချက်ဖြင့် ခေါ်တော်မူလျှက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် အသစ်ပြောင်းလဲခြင်းကို ခံရသောသူ တို့အား ဘုရားသခင်သည် ဤအသက်တာတွင်လည်း အပြစ်တရား၏ ကျွန်အဖြစ်နှင့် အုပ်ချုပ်ခံရခြင်းမှလည်း ကယ်လွတ်တော်မူ၏။ သို့သော် ယွှဘဝတွင် ဆက်လက်၍ ရှင်နေသမျှအတွင်းမှာမူ အပြစ်တရား၏ ခန္ဓာကိုယ်နှင့် အသွေးအသား၏ အားနည်းခြင်းတို့မှ လုံးလုံးလျားလျား ကယ်နတ်ခြင်းတော့ မဟုတ်ပါ။

**စာပိုဒ် (၂)** ထို့ကြောင့် အားနည်းခြင်းမှနေ၍ နေ့စဉ်ပြုသောအပြစ်တို့သည် ပေါ်ထွက်လာလျှက်ရှိပါသည်။ ထို့ကြောင့် သန့်ရှင်းသောသူတို့၏ အကောင်းဆုံးသောအကျင့်တို့သည်ပင် အစွန်းအထင်းများ ရှိနေပါသည်။ ထိုအရာက သူတို့ကို ဘုရားသခင်ရှေ့တော်မှောက်၌ အမြဲမပျက် နှိမ့်ချခြင်းကို ဖြစ်စေပါသည်။ လက်ဝါးကပ်တိုင်၌ အသေခံတော်မူသော သခင်ခရစ်တော်ထံ ခိုလှုံရန် အမြဲပင် ဖြစ်စေပါသည်။ ဆုတောင်းခြင်းအသက်ဖြင့် ၄င်း ၊ ဘုရားတရားကိုင်းရှိုင်းမှုကို သန့်ရှင်းသော လက်တွေ့အသက်ရှင်ခြင်းဖြင့်၄င်း ၊ ဇာတိစိတ်အလိုဆန္ဒတို့ကို ပို၍ ပို၍ ချုပ်တည်းစေပါသည်။ ပြည့်စုံခြင်း ပန်းတုံးတိုင်သို့ ရောက်ရန်ရှေးသို့ဆက်၍ ချီတက်စေပါသည်။ ထိုသို့ အသက်ရှင် ခြင်းသည် ဤသေခြင်းတရား၏ ကိုယ်ခန္ဓာမှ ရွေးနုတ်ခံရလျှက် ကောင်းကင်ဘုံ၌ ဘုရားသခင်၏ သိုးငယ်နှင့်အတူ စိုးစံရသောအချိန်သို့ ရောက်သည်အထိဖြစ်ပါသည်။

**စာပိုဒ် (၃)** ဤကျန်ရှိနေသေးသော အပြစ်တရား၏တည်ရှိမှု အပြစ်တရား၏ ဖျားယောင်းသွေးဆောင်မှု ဤလောက၏ ဖျားယောင်းသွေးဆောင်မှုတို့ကြောင့် ပြောင်းလဲခြင်းသို့ရောက်ရန် ပြုပြင်ခြင်းခံရသူတို့၏ ခွန်အားဖြင့်သာ အသက်ရှင်ပါက ကျေးဇူးတရားအတွင်းတွင် ဖွဲ့ရှိစွာ မတည်ရှိနိုင်ပါ။သို့သော် ဘုရားသခင်သည် သစ္စာရှိတော်မူသဖြင့် ကျေးဇူးတော်ကို ပေးဆပ်ထားသူတို့အား ဂရုဏာကြီးစွာ ခိုင်မာစေပါသည်။ ကျေးဇူးတရား အတွင်း၌ အဆုံးတိုင်အောင်ပင် တန်ခိုးကြီးစွာ ဆက်လက်ဖွဲ့ရှိစေတော်မူပါသည်။

**စာပိုဒ် (၄)** အသွေးအသား၏ အားနည်းမှုသည့် စစ်မှန်သော ယုံကြည်သူတို့အား ကျေးဇူးတော်အတွင်း၌ ဖွဲ့ရှိ စေတော်မူသော ခိုင်မာစေတော်မူသော ဘုရားသခင်၏ ဘုန်းတန်ခိုးတော်ကို အနိုင်မရနိုင်ပါ။ သို့သော်ပြောင်းလဲသူတို့သည် အစဉ်အမြဲ ဘုရားသခင်ဝိညာဉ်တော်၏ လွှမ်းမိုးမှုနှင့် စေ့ဆော်တိုက်တွန်းမှုအောက်၌ မနေတတ်ကြပါ။ထို့ကြောင့် အကြိမ်အတော်များများ၌ ဘုရားသခင်ကျေးဇူးတော်၏ လမ်းညွှန်မှုမှ သွေဖီသွား တတ်ကြ၏။အသွေးအသားတက်မက်မှုတို့ကို လိုက်လျှောလျှက် ဖျားရောင်းသွေးဆောင်ခြင်း တို့ကို မခံရမည်မည့် အကြောင်း အစဉ်အမြဲ ဆုတောင်းလျှက် သတိပြုကြရပါမည်။ထိုအချက်ကို လစ်လျူရှုမည်ဆိုပါက စာတန် ကြောင့်၄င်း၊ ဤလောကကြောင့်၄င်း၊ အသွေးအသားကြောင့်၄င်း၊ ကြီးမားသော ကောက်ကျစ်ယုတ်မာသော အပြစ်ပြုခြင်းသို့ ဆွဲယူသွားခြင်းကို ခံကြရတတ်ပါသည်။တခါတရံ ဘုရားသခင်၏ ဖြောင့်မတ်သော ခွင့်ပြုတော်မူမှုကြောင့်လည်း ထိုဆိုးညစ်ခြင်းများထဲသို့ အမှန်တကယ်ပင် ကျဆုံးတတ်ကြပါသည်။ ဤသည်ကို သမ္မာ ကျမ်းစာက ဖော်ပြထားသည့် ဒါဝိတ်၊ ပေတရုနှင့် အခြားသော သန့်ရှင်းသူတို့၏ ကျဆုံးခြင်းများက လက်တွေ့ ပြသနေပါသည်။

**စာပိုဒ် (၅)** ထိုကြီးမားသောအပြစ်များအားဖြင့် ထိုသူတို့သည် ဘုရားသခင်ကို မြင့်မားစွာ စော်ကား ကြပါသည်။ သေထိုက်သောအပြစ်ကို ဖြစ်ပွားစေပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်ကို စိတ်နာစေပါသည်။ ယုံကြည်ခြင်းလက်တွေ့လုပ်ဆောင်မှုကို နှောင့်ဆောင်မှုသည်

အလိုဆန္ဒ၏လုပ်ဆောင်မှုထက် အရင်မကျပါ။ ဆိုလိုသည်မှာ လူသား၏ အလိုဆန္ဒက ပြောင်းလဲခြင်းသို့ရောက်ရန် မလှုပ်ရှားမခြင်း၊ ပြောင်းလဲမှုကိုရရှိရန် စိတ်ဆုံး ဖြတ်မှုမရှိပါဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသို့သော် ပလဲဂျီးယန်အယူဝါဒကို ယွင်အချိန်များကပင် ကနဦးအသင်းတော်က တမန်တော်ကြီး၏ စကားလုံးများဖြင့် ရှုတ်ချငြင်းပယ်ခဲ့ပြီးဖြစ်သည်။ ** ထို့ကြောင့် လိုချင်သူသည် တတ်နိုင်သည် မဟုတ်။ ပြေးသောသူသည်လည်းတတ်နိုင်သည်မဟုတ်။ ကျေးဇူးပြုသောဘုရားသခင်သာလျှင် တတ်နိုင်တော်မူ၏ ✡✡ အဘယ်သူသည် သင့်ကို ထူးခြားစေသနည်း။ သူတပါးလက်မှ မခံယူဘဲ အလိုအလျှောက် ရသောအရာ တစုံတခုမျှ သင်၌ရှိသလော ✡✡ ၁ကော ၄း၇။ ** အကြောင်းမူကားသင်တို့သည် အလိုရှိစေခြင်းငှာ၄င်း၊ အကျင့် ကျင့်စေ ခြင်းငှာ၄င်း၊ သင်တို့အထဲ၌ စေတနာတော်အားဖြင့် ပြုပြင်တော်မူသောသူကား ဘုရားသခင်ပေတည်း ✡✡ ဖိ ၂း၁၃

**စာပိုဒ် (၆)** သို့သော် ဂရုဏာတော်ကြွယ်ဝလှသော ဘုရားသခင်သည် သူ၏ မပြောင်းလဲနိုင်သော ရွေးကောက် တော်မူခြင်း ရည်ရွယ်ချက်အရ သန့်ရှင်းသောဝိညာဉ်တော်ကို ထိုသို့ စိတ်ဝမ်းနည်းဖွယ်ကောင်းသော ကျဆုံးခြင်းထဲ၌ပင် သူ၏လူများထံမ လုံးလုံးလျားလျား ရုတ်သိမ်းတော်မမူပါ။ သားသမီးအဖြစ် မွေးစားခံရ တော်မူခြင်း ကျေးဇူးတော်မူခြင်း ကျေးဇူးတော်မှဝေးသထက်ဝေးလျှက် အပြစ်တရားအတွင်း၌ ပျောက်ဆုံးသွား မည်အဖြစ်ကိုလည်း မခံစားစေပါ။ ထို့အပြင် ဖြောင့်မတ်ခြင်းအခြေအနေကိုလည်း မဆုံးရှုံးစေပါ။ သေထိုက်သော အပြစ်ကိုလည်း မကျူးလွန်မိစေပါ။ လုံးဝစွန့်ပစ်ခံရသော အခြေအနေသို့ရောက်လျှက် မိမိတို့ကိုယ်ကိုယ် ထာဝရပျက်ဆီးခြင်းအတွင်း၌ နစ်မြုတ်စေသည့်အဖြစ်မျိုးသို့ ရောက်ရန်လည်းအခွင့်ပေးတော် မမူပါ။

**စာပိုဒ် (၇)** အဘယ်ကြောင့်ဆိုသော်၊ ပထမအချက်အနေနှင့် ဘုရားသခင်သည် ထိုသို့ ကျဆုံးနေချိန်၌ မပျက်ဆီးနိုင်သော အသစ်ပြုပြင်ခြင်းမျိုးစေ့တော်ကို ပျက်စီးခြင်း မရှိအောင် ကာကွယ်စောင့်ရှောက်တော်မူ၏။ တဖန် သူ၏နုတ်ကပတ်တော်နှင့် ဝိညာဉ်တော်အားဖြင့် သူတို့ကို နောင်တရလာခြင်းသို့ သေချာစွာ၊ အကျိုးအာနိသင်ရှိစွာ အသစ်တဖန် ပြန်၍ ပြုပြင်ပါသည်။ ထိုသို့သောအားဖြင့် သူတို့၏ အပြစ်များအတွက် ရိုးသားသော၊ ဘုရားနှင့်ဆိုင်သော ဝမ်းနည်းခြင်းကို ဖြစ်ပွားစေပါသည်။ ကြားဝင်ဖြန်ဖြေသူ၏ အသွေးတော်၌ အပြစ်ခွင့်လွှတ်ခြင်းကို ရှာဖွေလျှက် ရရှိစေရန် ပြုတော်မူ၏။ ဘုရားသခင်၏ ရန်ငြိုးခြင်း မျက်နှာသာပေးမှုကို ချီးမွမ်းစေပါသည်။ ထိုအချိန်မှစ၍ ရှေ့ရှောက်တွင် သူတို့၏ကယ်တင်ခြင်းကို ပို၍ လုံ့လဝီရိယရှိစွာ ကြောက်ရွံ့တုန်လှုပ်ခြင်းနှင့် လက်တွေ့လုပ်ဆောင်သူများ ဖြစ်လာစေပါသည်။

**စာပိုဒ် (၈)** ထို့ကြောင့် ဤသို့ဖြစ်ရခြင်းသည် ယုံကြည်တို့၏ ထိုက်တန်မှုကြောင့်မဟုတ်၊ (သို့) ခွန်အားကြောင့်လည်း မဟုတ်ပါ။ ဘုရားသခင်၏ အဖိုးအခမယူသော ဂရုဏာတော်ကြောင့်သာ သူတို့သည် ကျေးဇူးတရားနှင့် ယုံကြည်ခြင်းမှ လုံးလုံးလျားလျား မကျဆုံးရခြင်း ဖြစ်သည်။ သူတို့၏ နောက်ပြန်လှည့်သော အသက်တာများ၌ ဆက်လက် အသက်ရှင်လျှက် နောက်ဆုံး၌ ပျက်ဆီးရာသို့ မရောက်ကြရခြင်းဖြစ်သည်။ သူတို့ဘာသာသူတို့ဆိုလျှင် ထိုသို့ပျက်စီးသွားရန် ဖြစ်နိုင်သည်သာမကပါ၊ သံသယဖြစ်စရာမရှိအောင်ပင် ပျက်စီးမည် သာဖြစ်နိုင်ပါ။သို့သော် ဘုရားသခင်အတွက်ကြောင့်သာဆိုလျှင်မူ ထိုသို့ဖြစ်ရန် လုံးဝမဖြစ်နိုင်ပါ။သူ၏ အကြံအစည်တော်သည် မပြောင်းလဲနိုင်သဖြင့် သူ၏ဂတိတော်သည် မဆုံးရှုံးနိုင်ပါ။ဘုရားသခင်၏ ရည်ရွယ်တော် မူချက်အတိုင်း ခေါ်တော်မူခြင်းဖြစ်သည်လည်း ဖျက်သိမ်းမရပါ။သခင်ခရစ်တော်၏ ထိုက်တန်တော်မူခြင်း၊ ကြားဝင်ဖြန်ဖြေပေးခြင်း၊ စောင့်ရှောက်ထိန်းသမ်းပေးခြင်းတို့သည် အစွမ်းအာနိသင် မရှိတော့သည့် အခြေအနေမျိုး မဖြစ်နိုင်ပါ။သန့်ရှင်းသောဝိညာဉ်တော်၏ တံဆိပ်ခပ်နှိပ်တော်မူခြင်းကိုလည်း ပျက်ပြားစေခြင်း (သို့) ဖျက်စီးစေရန် မဖြစ်နိုင်ပါ။

**စာပိုဒ် (၉)** ဤကယ်တင်ခြင်းသို့ရွေးကောက်ခံရခြင်း၏ စောင့်ရှောက်ထိန်းသိမ်းခြင်းနှင့် ယုံကြည်ခြင်း၌ ဇွဲရှိစွာ ဆက်လက်တည်ရှိခြင်းတို့၏ သေချာမှုကို စစ်မှန်သော ယုံကြည်သူတိုင်းက မိမိတို့၏ သေချာမှုကို စစ်မှန်သော ယုံ ကြည်သူတိုင်းက မိမိတို့၏ ယုံကြည်ချက်အတိုင်းအတာအတိုင်း ကိုယ်တိုင်ရရှိကြပါသည်။ထိုသို့သူတို့သည် သေချာသော ယုံကြည်မှုသို့ ရောက်ရှိကြသဖြင့် အမြဲတမ်းပင် အသင်းတော်၏ စစ်မှန်သော အသက်ရှင်သော အသင်းသားများအဖြစ် ဆက်လက်၍ နေကြမည်ဖြစ်သည်။အပြစ်တရားများမှ ခွင့်လွှတ်တော်မူခြင်းကို လက်တွေ့ ခံစားကြရမည် ဖြစ်သည်။အဆုံးတွင် ထာဝရအသက်ကို အမွေခံရကြလိမ့်မည်ဖြစ်သည်။

**စာပိုဒ် (၁၀)** ထိုသို့ဖြစ်သော်လည်း ဤသေချာမှုကို သမ္မာကျမ်းစာအား ဆန့်ကျင်နေသည့် ထူးခြားသော မည်သည့်ဒိတ်ဖွင့်ပြချက်မျိုးကမျှ ထုတ်လုပ်ပေးသည် မဟုတ်ပါ။သမ္မာကျန်းစာမှ လွတ်လပ်နေသော အဖြစ်မှလည်း ထွက်ပေါ်လာသည် မဟုတ်ပါ။သို့သော် ထိုသေချာမှုသည် ကျွန်ုပ်တို့၏ နှစ်သိမ့်ခြင်းအတွက် နုတ်ကပတ်တော်အတွင်း ၌ ဘုရားသခင်က များပြားစွာ ဖွင့်ပြထားသည့် ကတိတော်များကို ယုံကြည်ခြင်းမှသာလျှင် ထွက်ပေးလာကြ ပါသည်။ကျွန်ုပ်တို့သည် ဘုရားသခင်၏ သားသမီးများဖြစ်ကြောင်း၊ အမွေခံများဖြစ်ကြောင်း ရောမ ၈း၁၆၊ ကျွန်ုပ်တို့၏ ဝိညာဉ်၌ သက်သေခံနေသော သန့်ရှင်းသော ဝိညာဉ်တော်၏ သက်သေခံခြင်းမှသာ ထွက်ပေါ် လာပါသည်။နောက်ဆုံးအနေဖြင့် ထိုသေချာမှုသည် ကောင်းသောအကျင့်များကို ကျင့်လိုသည့်ဆန္ဒ၊ ကောင်းသော ဩတ္တပ္ပစိတ်ကို ထိန်းသိမ်းလို့သည့် အလိုဆန္ဒမှနေ၍သာ ထွက်ပေါ်လာပါသည်။သူတိုသည် နောက်ဆုံးတွင် အောင်ပွဲကို ရလိမ့်မည်ဖြစ်ကြောင်း၊ ဤအကြောင်းသည် ထာဝရဘုန်းတော်ခံစားရခြင်း၏ မမှားနိုင်သော အာမခံချက် (သို့) စရန် ဖြစ်ကြောင်းစသည့် ခိုင်မာလှသည့် နှစ်သိမ့်မှုတို့ကို အကယ်၍သာ ဘုရားသခင်၏ ရွေးကောက်ခြင်း၊ ခံရသူတို့ထံမှ သိမ်းယူလိုက်ပါက သူတို့သည် လူသားအားလုံးတို့ထက် ပို၍ သနားစရာ အကောင်းဆုံးသော လူသားတို့ ဖြစ်ပေပါလိမ့်မည်။

**စာပိုဒ် (၁၁)** သမ္မာကျန်းစာက ဆက်လက်၍ သက်သေခံသည်မှာ ယုံကြည်သူတို့သည် ယခုဘဝ၌ အမျိုးစုံသော ဇာတိသံသယစိတ်များနှင့် တော်လှန်နေရသဖြင့်၄င်း၊ နာကျင်စေလှသော ဖြားယောင်းသွေးဆောင်ခြင်းများအောက်၌ ရှင်သန်နေကြရသဖြင့်၄င်း၊ သူတို့သည် ယုံကြည်ခြင်း၏ သေချာမှု့အလုံးစုံနှင့် ဇွဲရှိစွာ နေထိုင်နိုင်ရန် သေချာကြောင်း တို့ကို အစဉ်သဖြင့် မခံစားနိုင်ကြပါဆိုသည့် အကြောင်းဖြစ်သည်။သို့သော် စိတ်သက်သာဖွယ်ရာ အားလုံးတို့၏ ဖခင်ဘုရားသခင်သည် သူတို့၏ ခံနိုင်ရန်စွမ်းအားထက် ကျော်လွန်၍ ဖြားယောင်းသွေးဆောင်မှုကို ခံနိုင်ကြမည် အကြောင်း ဖြားယောင်းသွေးဆောင်မှုနှင့်အတူ လွတ်မြောက်ရာလမ်းကိုလည်း ပြုပြင်ပေးတော်မူ၏ (၁ကော၁ဝး၁၃)။ ထို့အပြင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဇွဲရှိလျှက် အသက်ရှင်နိုင်ကြပါမည်ဆိုသည့် နှစ်သက်ဖွယ်ရာ သေချာမှုကိုလည်း သူတို့အတွင်း၌ ပြန်လည်၍ လှုံ့ဆော်ပါသည်။

**စာပိုဒ် (၁၂)** ထို့သို့ဖြစ်သော်လည်း ဖွဲ့ရှိစွာ နေထိုင်နိုင်ရန် သေချာကြောင်းက ယုံကြည်သူတို့ထံ၌ မာနကြီး သော စိတ်ဝိညာဉ်ကို မဖြစ်ပွားစေပါ။အသွေးအသားနှင့်ဆိုင်သော ဇာတိလုံခြုံစိတ်ချမှုကိုလည်း မဖြစ်ပွားစေပါ။ ထိုမှဆန့်ကျင်စွာဤ အမှန်တရားသည် နှိမ့်ချစွာ အသက်ရှင်ခြင်း၏ အဓိက အရင်းအဖြစ်ပါသည်။ဘုရားသခင်၏ သားသမီးများပီသစွာ ဘုရားသခင်အား လေးစားတတ်မှု၊ စစ်မှန်သော ဘုရားတရားရိုသေကိုင်းရှိုင်းမှု၊ တွေ့ကြုံ ရသော ဆင်းရဲဒုက္ခတိုင်း၌ သီးခံနိုင်မှု၊ စိတ်အားထက်သန်စွာ ဆုတောင်းမှု၊ မမြဲမပျက် ဒုက္ခခံမှု၊ အမှန်တရားကို ဝန်ခံမှု၊ ဘုရားသခင်၌သာ ခိုင်မာသော ဝမ်းမြောက်မှုစသည်တို့၏ အဓိက အရင်းအမြစ်ဖြစ်ပါသည်။ ထိုကြောင့် ဤအကျိုးအမြတ်များကို ဆင်ခြင်မိခြင်းက ကောင်းမြတ်သာ အကျင့်များနှင့် ကျေးဇူးတင်တတ်သော အသက်တာ၌ အလေးအနက် အစဉ်အပြတ် လက်တွေ့အသက်ရှင်နေသည့် အကြောင်းအရာ ဖြစ်ပါသည်။ထိုသို့ပင် သမ္မာကျမ်းစာ ၏ သက်သေများတွင်၎င်း၊ သန့်ရှင်းသူတို့၏ အသက်တာများကပေးသော ဥပမာများက၎င်း ဖော်ပြနေပါသည်။

**စာပိုဒ် (၁၃)** ဖွဲ့ရှိခြင်းအမှန်တရားကို အသစ်တဖန် အားကိုးခြင်းက အကျင့်ပျက်သော အသက်တာကို မထုတ်လုပ်ပါ။(သို့) နောက်ပြန်လှည့်သော အသက်တာမှ ပြန်၍ ကောင်းမွန်လာသူတို့ထံ၌ရှိသော ဘုရားတရား ရိုသေကိုင်းရှိုင်းကိုလည်း အလေးမထားဘဲ မနေပါ။သို့သော် အမှန်တရားက သူတို့ကို ပို၍ဂရုစိုက်သော၊ စိတ်အား ထက်သန်သာ အသက်တာအားဖြင့် သခင်ဘုရားချမှတ်ထားသော လမ်းတော်များအတိုင်း ဆက်လက်ရှောက်လှမ်းစေ ပါသည်။ထိုလမ်းတော်များ၌ ရှောက်လှမ်းသူများသည် ဖွဲ့ရှိခြင်း အသက်တာ၏ သေချာမှုကို ဆက်လက် တည်မြဲနိုင် ရန်ဖြစ်သည်။ထိုသို့မဟုတ်ပါက ဘုရားသခင်၏ ဖခင်နှင့်တူသော ကျင်နာခြင်းကို အလွဲသုံးစားပြုမိသဖြင့် ဘုရားသခင်သည် ကျေးဇူးတော်နှင့်ကြွယ်ဝသော သူ၏ မျက်နှာတော်ကို ထိုသူတို့ထံမှ လွှဲဖယ်လိုက်မည်ဖြစ်သည်။ ထိုမျက်နှာတော်အား ကြည့်မြင်ရခြင်းသည် အသက်ရှင်ခြင်းထက်ပင်ပို၍ မြတ်နိုးစရာကောင်းလှပါသည်။ ထိုမျက်နှာ တော်၏ လွှဲဖယ်ခြင်းခံရမှုသည် သေခြင်းထက်ပင်ပို၍ ခါးသီးပါသည်။ထိုသို့လွှဲဖယ်ခံရမှု၏ နောက်ဆက်တွဲသည် ဩတ္တပ္ပစိတ်အတွင်း၌ ပို၍ဝေတနာခံစားရသော နာကျင်မှုအတွင်းသို့ ကျဆုံးခြင်းပင်ဖြစ်သည်။

**စာပိုဒ် (၁၄)** ဧဝံဂေလိတရားဟောခြင်းအားဖြင့် ကျေးဇူးတော်ကြောင့်သာဖြစ်သော ဤအကြောင်းအရာကို ကျွန်ုပ်တို့ထံ၌ စတင်၍ လုပ်ဆောင်ရန် ဘုရားသခင်သည် ကျေနပ်တော်မူ၏။ထိုကြောင့် ဤအရာကို ဘုရားသခင်သည် သူ၏နှုတ်ကပတ်တော်အား ကြားနာခြင်း၊ ဖတ်ရှုခြင်း၊ ဆင်ခြင်ခြင်း စသည်တို့အားဖြင့်၎င်း၊ အားပေးတိုက်တွန်းခြင်းများ၊ သတိပေးခြိမ်းခြောက်ခြင်းများ၊ ကတိတော်အားဖြင့်၎င်း၊ ပွဲတော်မင်္ဂလာများကို အသုံးပြု ခြင်းအားဖြင့်၎င်း စောင့်ရှောက်ထိန်းသိမ်းတော်မူ၏။ဆက်လက်ရှင်သန်စေ၏။ပြည့်စုံစေတော်မူ၏။

**စာပိုဒ် (၁၅)** သန့်ရှင်းသူတို့၏ ဖွဲ့ရှိခြင်းအယူဝါဒကို ဇာတိတ်နှလုံးရှိသူတို့က နားလည်ခြင်းငှာ မစွမ်းသာပါ။ဤ အမှန်တရားကို ဘုရားသခင်က သူ၏ နှုတ်ကပတ်တော်အတွင်းတွင် သူ၏နာမတော်၊ ဘုန်းတော်ထင်ရှားရန်၊ ဘုရား တရားကိုင်ရှိုင်းသူတို့၏ စိတ်ဝိညာဉ်များ သက်ရောက်ရာရစေရန်တို့အတွက် အလွန်ကြွယ်ဝစွာနှင့် ဖော်ပြထား ပါသည်။ထို့အပြင်ဤအမှန်တရားကို သစ္စာရှိသူတို့၏ နှလုံးသားများအပေါ်၌ စွဲထင်နေစေပါသည်။စာတန်သည် ဤအမှန်တရားကို ရွံ့ရှာမုန်းတီး၏။ဤကမ္ဘာလောကကြီးက ဤဖွဲ့ရှိစွာ နေထိုင်ခြင်း အမှန်တရားကို လှောင်ပြောင်၏။ အသိဉာဏ်ကင်းမဲ့သူများ၊ ကြောင်သူတော်များက အလွဲသုံးစားလုပ်၏။မှားယွင်းသော အယူဝါဒကို သွန်သင်သူတို့က ဤအမှန်တရားကို ဆန့်ကျင်ကြ၏။သို့သော်သခင်ခရစ်တော်၏ သတို့သမီး (ယုံကြည်သူများကိုဆိုလိုသည်) တို့ကမူ ဤအမှန်တရားကို တနဖိုးဖြတ်၍မရသော ရတနာတပါးအနေနှင့် အစဉ်အမြဲ အလွန်သိမ်မွေ့စွာ ချစ်မြတ်နိုးကြ၏။ အစဉ်အမြဲ ခုခံကာကွယ်ကြ၏။ရှေ့တော်မှောက်တွင် မည်သည့်အကြံအစည်၊ ခွန်အားသတ္တိမှ အနိုင်ရရှိခြင်း မရှိနိုင်သော ဘုရားသခင်သည် အသင်းတော်အား ဤအသက်ရှင်ခြင်း၌ အဆုံးတိုင်အောင် ဆက်လက်တည်ရှိ စေတော်မူလိမ့်မည်ဖြစ်၏။တပါးတည်းသော ဘုရားသခင်ဖြစ်သည့် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ် တော်တို့၌ ဘုန်းတန်ခိုးတော်သည် ကာလအစဉ်အဆက် တည်ရှိတော်မူပါစေသော်ဝ်။ အာမင်။

**စစ်မှန်သော အယူဝါဒကို ရှင်းလင်းဖော်ပြပြီးသည့်အခါ အထွေထွေညီလာခံကြီးက**

**အောက်ဖော်ပြပါ မှားယွင်းသော သွန်သင်ချက်များကို ငြင်းပယ်ခဲ့၏။**

**(၁)**

စစ်မှန်သော ယုံကြည်သူတို့၏ ဖွဲ့ရှိခြင်းသည် ရွေးကောက်တော်မူခြင်း၏ အသီးအပွင့် မဟုတ်ပါ။သခင် ခရစ်တော်၏ အသေခံခြင်းအားဖြင့်ရရှိသော ဘုရားသခင်၏ ဆုလာဒ်လည်းမဟုတ်ပါ။အသစ်သောပဋိညာဉ်တရား၏ အခြေခံလိုအပ်ချက်သာ ဖြစ်ပါသည်။(သူတို့ကကြေညာလေ့ရှိသကဲ့သို့ ) ရွေးကောက်ခြင်း၌ အတိအကျမပါဝင်ခင်၊ ဖြောင့်မတ်ခြင်းသို့မရောက်ခင် လူသားမှနေ၍ လွတ်လပ်သောအလိုဆန္ဒဖြင့် ထိုအခြေခံလိုအပ်ချက်ကို ဖြည့်စည်းရ ပါမည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် သမ္မာကျန်းစာက ဤဖွဲ့ရှိခြင်းသည် ရွေးကောက်တော်မူခြင်းမှ နေ၍သာ ထွက်ပေါ် လာသည်ဟု သက်သေခံပါသည်။ထိုအပြင် ဤဖွဲ့ရှိခြင်းကို သခင်ခရစ်တော်၏ အသေခံခြင်း၊ ရှင်သန်ထမြောက်ခြင်း တို့ကြောင့်သာ ရွေးကောက်ခြင်းခံရသူတို့ထံ၌ ပေးအပ်ထားပါသည်။**ရွေးကောက်တော်မူသောသူတို့သာ တွေ့ကြ ရ၏။ကြွင်းသောသူတို့ကို မှောင်မိုက်ဖုံးလွှမ်း၏☆☆ ရောမ ၁၁း၇။ **မိမိသားတော်ရင်းကို မနှမြောဘဲ ငါတို့ရှိသမျှအ
ဖို့မလို့ငှာ စွန့်တော်မူသောသူသည် သားတော်နှင့်တကွ ခမ်းသိမ်းသောအရာတို့ကို ငါတို့အားမပေးဘဲ အဘယ်သို့ နေတော်မူမည်နည်း။ဘုရားသခင် ရွေးကောက်တော်မူသော သူတို့ကို အဘယ်သူသည် အပြစ်တင်မည်နည်း။ဖြောင့် မတ်ရာ၌ တည်စေသောသူကား ဘုရားသခင်ပေတည်း။အပြစ်စီရင်သောသူကား အဘယ်သူနည်း။အသေခံ၍ ခံသည်သာမက သေခြင်းမှ ထမြောက်၍ ဘုရားသခင်၏

လက်ျာတော်ဘက်၌ နေလျှက် ငါတို့အတို့ ဆုတောင်း သောသူကား ခရစ်တော်ပေတည်း။ခရစ်တော်နှင့် ချစ်ခြင်းမေတ္တာနှင့် ါတို့ကို အဘယ်သူ ကွာစေမည်နည်း✡✡
ရောမ ၉ း၁၂-၃၅။

(၂)

လူသားက သူ၏တာဝန်ဝတ္တရားကို လုပ်ဆောင်ပါက ဘုရားသခင်သည် ဖွဲ့ရှိခြင်းအတွက် လိုအပ်သော တန်ခိုးစွမ်းအား အလုံအလောက်ကို ယုံကြည်သူတို့ထံ၌ အမှန်တကယ်ပင် ပေးအပ်တော်မူပါသည်။အမြဲတမ်းပင် ထိုအရာကို သူထံ၌ ထိန်းသိမ်းစောင့်ရှောက်ရန် အသင့်ရှိပါသည်။သို့သော် ယုံကြည်ခြင်း၌ ဖွဲ့ရှိစွာ အသက်ရှင်ရန် လိုအပ်သော အရာမှန်သမျှသည်၄င်း၊ ယုံကြည်ခြင်းကို စောင့်ရှောက်ထိန်းသိမ်းရန် အသင့်ရှိပါသည်။သို့သော် ယုံကြည်ခြင်း၌ ဖွဲ့ရှိစွာ အသက်ရှင်ရန် လိုအပ်သော အရာမှန်သမျှသည်၄င်း၊ ယုံကြည်ခြင်းကို စောင့်ရှောက်ထိန်း သိမ်းရန် ဘုရားသခင်က အသုံးပြုလိမ့်မည်ဖြစ်သော အရားအားလုံးတို့သည်၄င်း၊ အသုံးပြုခြင်သူများသည်၄င်း၊ ဖွဲ့ရှိစွာ အသက်ရှင်မည် မရှင်မည်ကို ဆုံးဖြတ်သည့် လူသား၏ အလိုဆန္ဒပေါ်၌သာ တည်မှီနေပါသည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသို့သောအတွေးသည် အတိအလင်းသွန်သင်နေသော ပလဲဂီးယန့်အယူဝါဒ၌ ပါဝင်နေပါသည်။ဤသို့သွန်သင်ခြင်းက လူအားတို့အား လွတ်လပ်သူများ ဖြစ်နေစေချိန်၌ ဘုရားသခင်၏ ဂုဏ် သိက္ခာကို ခါးပြတိုက်သော သွန်သင်မှုဖြစ်နေပါသည်။လူတိုင်းက လက်ခံသော ဇေံဂေလိအယူဝါဒနှင့်လည်း ဆန့်ကျင်ဖက် ဖြစ်နေပါသည်။ဇေံဂေလိအယူဝါဒကမူ လူသားထံမှ ဝါကြွားစရာ အကြောင်းများအားလုံးကို နုတ်ယူ၍ ဤသို့သော မျက်နှာသာပေးမှုအား ချီးမွမ်းရသည် အကြောင်းအရာအားလုံးသည် ဘုရားသခင်၏ ကျေးဇူးတရား ၌သာ ရှိသည်ဟု မှတ်ယူကြပါသည်။ထိုအပြင်က သွန်သင်မှုက တမန်တော်ကြီး၏ ကြေညာချက်ကိုလည်း ဆန့်ကျင် နေပါသည်။**သင်တို့သည် ငါတို့သခင် ယေရှုခရစ်၏ နေ့ရက်၌ အပြစ်တင်စရာအခွင့်နှင့် ကင်းလွတ်မည့်အကြောင်း သင်တို့ကို အဆုံးတိုင်အောင် ခိုင်ခန့်မြဲမြံစေတော်မူလိမ့်မည်✡✡ ၁ကော ၁း၁၈။

(၃)

စစ်မှန်သော ယုံကြည်သူ အသစ်ပြုပြင်ခြင်းခံရသူသည် ဖြောင့်မတ်ရာသို့ရောက်စေသော ယုံကြည်ခြင်း မှစ၍ ကျဆုံးသွားနိုင်ယုံမျှ မကပါ။ထိုအတူပင် ကျေးဇူးတော်နှင့် ကယ်တင်ခြင်းမှာနေ၍လည်း အဆုံးတိုင်အောင် လုံးလုံးလျားလျား ကျဆုံးသွားနိုင်ပါသည်။အမှန်တကယ်ပင် တစ်ခါတရံ ဤအခြေအနေမှ ကျဆုံးလျှက် ထာဝရပင် ပျောက်ဆုံးရသည်မျိုးလည်း ရှိပါသည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသို့သောအတွေးက ကျေးဇူးတော်သည်၄င်း၊ ဖြောင့်မတ်ခြင်းသည်၄င်း၊ အသစ် ပြုပြင်နိုင်ခြင်းသည်၄င်း၊ သခင်ခရစ်တော်၏ အစဉ်အမြဲ စောင့်ထိန်းပေးမှုသည်၄င်း၊ တန်ခိုးစွမ်းအားမရှိပါဟု ဆိုလိုရာရောက်၏။တမန်တောရှင်ပေါလုက အတိအလင်း ပြောထားသည်နှင့်လည်း ဆန့်ကျင်နေ၏။**ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူ၏။သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ပြီးမှ ထိုသခင်အားဖြင့် အပြစ်ငရဲမှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟု သာ မျှော်လင့် စရာရှိ၏✡✡ ရောမ ၅း၈-၉။တမန်တော်ရှင်ယောဟန်နှင့်လည်း ဆန့်ကျင်နေ၏။ဘုရားသခင် ဖြစ်ပွားစေတော်မူသော သူမည်သည်ကား ဒုစရိုက်ကို မပြုတတ်၊ အကြောင်းမူကား ထိုသူ၌ မျိုးစေ့တော် တည်လျှက်ရှိ၏။ထိုသူသည် ဘုရားသခင် ဖြစ်ပွားစေတော်မူသောကြောင့် ဒုစရိုက်ကို မပြုနိုင်✡✡ ၁ယော ၃း၉။ထို့အပြင် သခင်ယေရှုခရစ်တော်၏ စကားများနှင့်လည်း ဆန့်ကျင်နေ၏။**ထာဝရအသက်ကိုလည်း ငါပေး၏။ထိုသိုးတို့သည် ပျက်စီးခြင်းနှင့် အစဉ်မပျက် ကင်းလွတ်ကြလိမ့်မည်။အဘယ်သူမျှ ထိုသိုးတို့ကို ငါ့လက်မှ မနုတ်မယူရာ။ထိုသိုးတို့ကို ငါ၏ ပေးအပ် တော်မူသော ငါ့ခမည်းတော်သည် ခပ်သိမ်းသော သူတို့ထက် ကြီးမြတ်တော်မူသည်ဖြစ်၍ အဘယ်သူမျှ ထိုသိုးတို့ကို ငါ့ခမည်းတော်လက်မှ မနုတ်မယူနိုင်ရာ✡✡ ယော ၁၀း၂၈-၂၉။

(၄)

စစ်မှန်သော ယုံကြည်သူ ၊ အသစ်ပြုပြင်ခြင်းခံရသူ သေပြစ်ခံထိုက်သောအပြစ်ကို ကျူးလွန်နိုင်ပါသည်ဟု သွန်သင်ခြင်း။

တမန်တော်ရှင်ယောဟန်က သူ၏ဩဝါဒစာ ပထမဆောင် ၅း၁၆-၁၇၌ သေပြစ်ခံထိုက်သောအပြစ်ကို ပြုသောသူအတွက် ဆုမတောင်းပေးရဟု ရေးသားပြီးသည်နှင့်တပြိုင်နက် အငယ် ၁၈တွင် ဤသို့ဆက်၍ ပြောပါသည်၊-**ဘုရားသခင်၏ သားဖြစ်သမျှသောသူတို့သည် ဒုစရိုက် (သေပြစ်ခံထိုက်သောအပြစ်) ကို မပြုတတ်သည်ကို ငါတို့သိကြ၏။ဘုရားသခင် ဖြစ်ပွားစေတော်မူသော သူသည် မိမိကိုယ်မိမိ စောင့်ရှောက်သဖြင့် မာရ်နတ်သည် ထိုသူကို မထိမခိုက်နိုင်ရာ✡✡။

(၅)

အထူးဖွင့်ပြတော်မူချက် မရှိပါက အနာဂတ်တွင်လည်း ဆက်၍ဖွဲ့ရှိနေမည် ဆိုသောသေချာမှုကို ယျှဘဝ တွင် မသိနိုင်ပါဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသွန်သင်မှုက ယုံကြည်သူတို့၏ ယျှဘဝတွင်ရှိနေသည့် သေချာသော နှစ်သိမ့် မှုကို အဝေးသို့ ယူဆောင်သွားပါသည်။ထို့အပြင် အသင်းတော်အတွင်းသို့ ပုတ်ရဟန်းမင်းတို့၏ သံသယ များ ကို တဖန်ပြန်၍ မိတ်ဆက်ပေးပါသည်။သမ္မာကျမ်းစာက ဤသေချာမှုကို အထူးဖြစ်သော သာမန်ထက်ထူးကဲသော ဖွင့်ပြတော်မူချက်မှနေ၍ တွက်ဆပြောပြနေသည် မဟုတ်ပါ။ဘုရားသခင်၏ သားသမီးတို့၌ ရှိအပ်သော အမှတ်အသားများဖြင့်၄င်း၊ ဘုရားသခင်၏ စဉ်ဆက်မပြတ် ပေးနေသော ကတိတော်များဖြင့်၄င်း၊ တွက်ဆပြောနေ ခြင်းသာဖြစ်သည်။အထူးသဖြင့် တမန်တော်ရှင်ပေါလုက **အဘယ်နိမိတ်တအရာမျှသည် ငါတို့သခင်ယေရှုခရစ် အားဖြင့် ခံရသော ဘုရားသခင်၏ မေတ္တာတော်နှင့်ငါတို့ကို မကွာစေနိုင်ဟု ငါသည် သဘောကျလျှက်ရှိ၏✡✡ ရောစး၃၉ ဟု

ပြောပါသည်။ထိုအပြင် ရှင်ယောဟန်က **ပညတ်တော်တို့ကို စောင့်သောသူသည် ဘုရားသခင်၌ တည်၏။ထိုသူ၌လည်း ဘုရားသခင်တည်တော်မူ၏။ငါတို့အားပေးတော်မူသော ဝိညာဉ်တော်ကို ငါတို့သည် အမှီပြု၍ ဘုရားသခင်သည် ငါတို့၌ တည်တော်မူသည်ကို သိရကြ၏✡✡ ၁ယော ၃း၂၄ ဟု ကြေညာပါသည်။

## (၆)

ကယ်တင်ခြင်းရရှိမှု သေချာသည်ဟု သွန်သင်သော အယူဝါဒသည်၄င်း၊ ဇွဲရှိနေမည်ဟု သွန်သင်သော အယူဝါဒသည်၄င်း၊ ငါတို့၏ သဘာဝနှင့် ပုံသဏ္ဍာန်ကို၌က ပျင်းရိသော အသက်တာကို ဖြစ်ပွားစေမည့် အကြောင်း အရင်းဖြစ်သည်။ဘုရားတရားကိုင်းရှိုင်းခြင်း၊ ကောင်းမြတ်သော ကိုယ်ကျင့်တရားရှိခြင်း၊ ဆုတောင်းခြင်းနှင့် အခြား သော သန့်ရှင်းသော လုပ်ဆောင်မှုများကို ထိခိုက်စေသော သွန်သင်မှုဖြစ်သည်။သို့သော် ဆန့်ကျင်ဖက်အားဖြင့် သံသယဖြစ်ခြင်းသည် ချီးကျူးထိုက်သော အရာပင်ဖြစ်သည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသွန်သင်ခြင်းဖြင့် သူတို့သည် ဘုရားသခင်၏ ကျေးဇူးတော်၏ တနခိုးတော်ကို ၄င်း၊ ကြိမ်းဝပ်တော်မူသော သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်မှုကို၄င်း၊ မသိကြပါဆိုသည်ကို ပြသနေပါ သည်။ထို့အပြင် တမန်တော်ရှင်ပေါလုကိုလည်း ဆန့်ကျင်ရာရောက်ပါသည်။ရှင်ယောဟန်က သူ၏ ပထမဩဝါဒ စာတွင် ထိုသွန်သင်ချက်အား ဆန့်ကျင့်သည့် စကားလုံးများကို အတိအလင်း သွန်သင်ပါသည်။ **ချစ်သူတို့ ယခုတွင် ငါတို့သည် ဘုရားသခင်၏ သားတော်များဖြစ်ကြသည်။နောက်မှ အဘယ်သို့သော သူဖြစ်မည်ဟု မထင်ရှားသေး။သို့သော်လည်း ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ ငါတို့သည် ကိုယ်တော်နှင့် တူကြလတ့ံဟု ငါတို့သိကြ၏။အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည့်အတိုင်းကို ငါတို့သည် မြင်ရကြလတ့ံ။ ထိုသို့မျှော်လင့်သောသူ မည်သည်ကား ကိုယ်တော်သန့်ရှင်းတော်မူသည့်နည်းတူ ကိုယ်ကိုကိုယ် သန့်ရှင်းစေတတ်၏✡✡ ၁ယော ၃း၂-၃။ထိုအပြင် ဤသို့သွန်သင်ခြင်းက ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းစာတွင် ဥပမာအနေနှင့် ဖေါ်ပြထား သော သန့်ရှင်းသူတို့၏ အသက်တာများကိုလည်း ဆန့်ကျင်နေပါသည်။သူတို့သည် သူတို့၏ ဇွဲရှိခြင်းနှင့် ကယ်တင် ခြင်းတို့ကို သေချာစွာ သိရှိကြသော်လည်း အမြဲတမ်းဆုတောင်းခြင်းများနှင့် အခြားသော ဘုရားတရားကိုင်းရှိုင်း သည့် လက်တွေ့လုပ်ဆောင်မှုများ၌သာ ကျင်လည်ကြပါသည်။

## (၇)

ခဏတဖြုတ်သော ယုံကြည်ကြသူများ၏ ယုံကြည်ခြင်းသည် ဖြောင့်မတ်ရာသို့ ရောက်စေသော၊ ကယ်တင်ခြင်းသို့ ရောက်စေသော ယုံကြည်ခြင်းနှင့် ကွဲပြားမှုမရှိပါ။အချိန်ကြာညောင်းမှု၌သာ ကွာခြားပါသည်ဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် သခင်ခရစ်တော်ကိုယ်တိုင်ကပင် မဿဲ ၁၃း၁၀၊ လုကာ၈း၁၃နှင့် အခြားနေရာများ ၌ သက်သေထင်ရှားစွာ မှတ်သားထားသည်မှာ စစ်မှန်သော ယုံကြည်သူများနှင့် ခဏတဖြုတ်သာ ယုံကြည်ကြသူများ ကြားတွင် အချိန်ကြာညောင်းမှုအပြင် မတူညီသော ကွဲပြားခြားနားမှု့ သုံးခုရှိပါသေးသည် ဟူ၍ဖြစ်သည်။ သခင်ဘုရားက ကြေညာသည်မှာ ခဏတဖြုတ်ယုံကြည်သူများသည် မျိုးစေ့တော်ကို ကျောက်များသော မြေပေါ်၌ လက်ခံရရှိကြ၏။သို့သော် စစ်မှန်သော ယုံကြည်သူများသည် မျိုးစေ့တော်ကို ကောင်းမွန်သော မြေပေါ်၌ (သို့) နှလုံးသားပေါ်၌ လက်ခံရရှိကြ၏။ပထမအမျိုးအစား၌ အမြစ်မပါရှိပါ။သို့သော် ဒုတိယအမျိုးအစား၌သာ ခိုင်မာသော အမြစ်ပါရှိ၏။ပထမအမျိုးအစားသည် အသီးအပွင့် မပါရှိပါ။သို့သော် ဒုတိယအမျိုးအစားသည် အစဉ် အမြဲ မပြောင်းမလဲ အသီးအပွင့်များကို ခြားနားသော အတိုင်းအတာနှင့် သီးပွင့်ကြပါသည်။

## (၈)

မိမိ၏ပထမ အသစ်ပြုပြင်ပြောင်းလဲခြင်းအဖြစ်ကို ပျောက်ဆုံးသွားသူသည် နောက်တဖန် မကြာခဏပင် အသစ်တဖန်ပြန်၍ မွေးဖွား၏ ဆိုခြင်းသည် မိုက်မဲသော သွန်သင်မှု မဟုတ်ပါဟု သွန်သင်ခြင်း။

အဘယ်ကြောင့်ဆိုသော် ဤသွန်သင်ခြင်းက ကျွန်ုပ်တို့အား ဒုတိယမွေးဖွားခြင်းသို့ ရောက်စေသည့် မပျက်စီးနိုင်သော ဘုရားသခင်၏ မျိုးစေ့တော် အယူဝါဒကို ညင်းပယ်နေပါသည်။တမန်တော်ပေတရု၏ သက်သေခံချက်ကိုလည်း ဆန့်ကျင်နေပါသည်။**သင်တို့သည် ဖေါက်ပြန်ပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ပွားကြ၏✡✡
၁ပေ ၁း၂၂-၂၃။

## (၉)

ယုံကြည်သူများသည် မရှုံးနိမ့်စွာ ယုံကြည်ခြင်း၌ ဆက်လက်အသက်ရှင်ကြရန် သခင်ခရစ်တော်က မည်သည့်နေရာတွင်မျှ ဆုတောင်းပေးခြင်းမရှိပါဟု သွန်သင်ခြင်း။

ဤသို့သွန်သင်ခြင်းက သခင်ခရစ်တော်ကိုယ်တိုင်ကို ဆန့်ကျင်နေပါသည်။သခင်ခရစ်တော်က **သင်(ရှိမုန်) ၏ယုံကြည်သောစိတ် မပျက်စေခြင်းငှာ ငါသည် သင့်အဘို့ ဆုတောင်းလေပြီ✡✡လုကာ၂၂း၃၂ ဟုမိန့်တော်မူခဲ့၏။ထို့ အပြင် ဧဝံဂေလိဆရာ ရှင်ယောဟန်ကိုလည်း ဆန့်ကျင်နေပါသည်။သူက သခင်ခရစ်တော်သည် တမန်တော်တို့ အတွက်သာ ဆုတောင်းသည်မဟုတ်ပါ။နှုတ်ကပတ်တော် ဟောကြားခြင်းဖြင့် ယုံကြည်လာမည့်သူများ အားလုံးအ တွက်လည်း ဆုတောင်းခဲ့ပါသည်ဟု ပြောထား၏။**သန့်ရှင်းတော်မူသောအဖ၊ သူတို့ကိုကိုယ်တော်၏ နာမ၌ တည်စေ (စောင့်ရှောက်)တော်မူပါ။✡✡ **ဤသူတို့ကို ဤလောကမှ နှုတ်ယူတော်မူမည့်အကြောင်း အကျွန်ုပ်တောင်း သည်မဟုတ်ပါ။မကောင်းသော အမှုအရာနှင့် ကင်းလွတ်စေခြင်းငှာ စောင်မတော်မူမည့်အကြောင်းကိုသာ တောင်း ပါ၏✡✡ ယော ၁၇း၁၁၊၁၅၊၂၀။

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ

## နိဂုံးချုပ်

ဤသည်တို့သည် ဘဲ (လ်)ဂျစ်အသင်းတော်များ၌ အငြင်းပွားနေကြသော စစ်မှန်သည့် အယူဝါဒနှင့် ပတ်သက်သော အချက် (၅)ချက်တို့နှင့် ပတ်သက်သည့် ရှင်းလင်းပြတ်သားသော ရိုးရှင်းသော၊ ပညာသားပါသော ကြေညာချက်ဖြစ်၏။ထိုအသင်းတော်တို့ကို အချိန်အတော်ကြာ ပြဿနာဖြစ်စေသည့် မှားယွင်းချက်များကို ငြင်းပယ်ခြင်းဖြစ်၏။ထိုအယူဝါဒကို သမ္မာကျမ်းစာမှနေ၍သာ ရယူမည်ဖြစ်ကြောင်း ပြန်လည်ပြုပြင်သော အသင်းတော်များ၏ ခံဝန်ချက်များနှင့်လည်း ကိုက်ညီရမည်ဖြစ်ကြောင်း အထွေထွေညီလာခံကြီးက စီရင်၏။ဤသို့ ရှင်းလင်းစွာထွက်ပေးလာသည့်အခါ ထိုအချက်များကို သွန်သင်သူတို့က စီရင်၏။ဤသို့ ရှင်းလင်းစွာ ထွက်ပေးလာသည့်အခါ ထိုအချက်များကို သွန်သင်သူတို့သည် လူထုကို ဆွဲဆောင်ရန် အလို့ငှာ အမှန်တရားအား လုံးကိုငှင်း၊ တရားမျှတခြင်းကိုလည်းကောင်း၊ မေတ္တာတရားကိုလည်ငှင်း ဖေါက်ဖျက်သည့် အမူအကျင့်ရှိသူများ ဖြစ်လာကြ၏။

**ပြန်လည်ပြုပြင်သောအသင်းတော်များ၏ အယူဝါဒဖြစ်သည့် ခွဲခန့်မှတ်သားတော်မူခြင်းအကြောင်း၊ ငှင်းအယူဝါဒနှင့် တွဲဖက်နေသော အချက်တို့သည် ငှင်းတို့၏ ကိုယ်ပိုင်ထူးခြားချက်များနှင့် မရှိမဖြစ်သော အလားအလာ တို့အတွက်ကြောင့်ပင် လူအများတို့၏ စိတ်နှလုံးကို အားလုံးသော ဘုရားတရားကိုင်းရှိုင်းမှုနှင့် ဘာသာတရားကြည် ညိုမှုတို့မှ လွှဲဖယ်သွားစေ၏။ဤအယူဝါဒသည် နတ်ဆိုးနှင့် အသွေးအသားဇာတိတို့အားဖြင့် လူတို့ကို ထုံထိုင်းစေသောအရာ ဖြစ်၏။လူအများတို့ကို ချောင်းမြောင်းရာ စာတန်၏ ရဲတိုက်ဖြစ်၏။ထိုနေရာမှစ၍ လူအများကို မျှော်လင့်ချက်မဲ့ခြင်းများ၊ လုံခြုံခြင်းများဆိုသည့် မြှားများဖြင့် နာကျင်စေ၏။သေလောက်အောင်တိုက်ခိုက်၏။ဤအယူဝါဒက ဘုရားသခင်အား အပြစ်ကိုဖြစ်စေသူ၊ မဖြောင့်မှန်သူ၊ အာဏာရှင်၊ ဟန်ဆောင်သူ ဖြစ်စေပါ သည်။ဤအယူဝါဒသည် မှားယွင်းသော အယူဝါဒများဖြစ်သည့် စတိုးအစ်ဝါဒ၊ မနီချီးဝါဒ၊ လီဘာတင်းအယူဝါဒ၊ တားဆီးအယူဝါဒ စသည်တို့ထက်မပိုသော အယူဝါဒမှားသာဖြစ်သည်။ရွေးကောက်ခြင်းခံရသူများ၏ ကယ်တင်ခြင်းကို မည်သည်ကမျှ တားမြစ်နိုင်ခြင်းမရှိဟု ဆွဲဆောင်သဖြင့် လူအများကို ဇာတိအားဖြင့် လုံခြုံမှုအမှား ကိုဖြစ်စေ၏။မိမိတို့နှစ်သက်သလို အသက်ရှင်စေ၏။ထို့ကြောင့်သူတို့သည် အရက်စက်ဆုံးသော ရာဇဝတ်မှု အမျိုးမျိုးတို့ကိုပင် လုံခြုံချစွာစိတ်ချစွာ ကျူးလွန်နိုင်ကြပါမည်။ထိုအပြင် ငြင်းပယ်တော်မူခြင်း ခံရသူတို့က သန့်ရှင်းသူတို့ ၏ အကျင့်တရားအားလုံးကို ကျင့်ကြံကြသည် ဆိုပါကလည်း သူတို့၏ နာခံလိုက်လျှောက်ခြင်းက ကယ်တင်အတွက် လုံးဝ အသုံးမဝင်ပါဟု သွန်သင်၏။ထို့အပြင် ထိုအယူဝါဒက သွန်သင်ပြန်သည်မှာ ဘုရားသခင်သည် မည်သူတစ်ဦး တစ်ယောက်၏ အပြစ်ကိုမျှ ရှုမြင်ခြင်း (သို့) အလေးထားခြင်းမရှိဘဲ ဤလောက၏ အကြီးဆုံးသော အစိတ်အပိုင်း ကို ထာဝရပျက်စီးခြင်းသို့ရောက်ရန် ခွဲခန့်မှတ်သားတော်မူ၏။ဤရည်ရွယ်ချက်အတွက်ပင် သူတို့ကို ဖန်ဆင်းတော်မူ၏။ထို့အတူပင် ရွေးကောက်ခြင်းသည် မယုံကြည်ခြင်းနှင့် ဘုရားတရားမရိုသေခြင်းကို ဖြစ်ပွားစေသော အကြောင်း အရင်းဖြစ်သည်။ထို့ကြောင့် သစ္စာရှိသူတို့၏ အပြစ်မဲ့သော ကလေးသူငယ်များသည် မိခင်နို့စို့သည့် အရွယ်၌ပင် ပျက်စီးခြင်းကို ခံကြရသည်။တရားခြင်းမရှိစွာပင် ငရဲထဲသို့ ပို့ခြင်းခံကြရသည်။ထိုကြောင့် ဗတ္တိဇံမင်္ဂလာသည်ငှင်း၊ ဗတ္တိဇံပေးချိန်၌ဆုတောင်းပေးသော အသင်းတော်၏ ဆုတောင်းခြင်းများသည် ငှင်းသူတို့အတွက် အသုံးဝင်မှု လုံးဝမရှိပါ** ဆိုသည့် သွန်သင်မှုများနှင့် ငှင်းနည်းတူ သွန်သင်မှုများကို ပြန်လည်ပြုပြင်သော အသင်းတော်များက အသိအမှတ် မပြုကြရုံမျှမကပါ၊ အကြွင်းမဲ့ပင် ရွံရှာမုန်းတီးကြပါသည်။ထိုကြောင့် ဘုရားသခင်၏ နာမတော်၌ ကျင်းပသော ဒေါ့ (တ်) အထွေထွေညီလာခံကြီးသည် ကျွန်ုပ်တို့၏ ကယ်တင်ရှင် သခင်ယေရှုခရစ်တော်၏ နာမတော်ကို ရိုသေကိုင်းရှိုင်းစွာနှင့် အကြိမ်မြောက်များစွာ အလေးအနက်ပန်ကြားလျှက် ပြန်လည်ပြုပြင်သော အသင်းတော်များ၏ ယုံကြည်ချက်ကို တရားဆုံးဖြတ်ပါသည်။ထို့သို့ဆုံးဖြတ်ရာ၌ နေရာတိုင်း၌ စုပုံလျှက်ရှိသော မဟုတ်တမ်းတရား အသရေပျက်အောင် ပြောဆိုချက်များမှနေ၍ မဟုတ်ပါ။အတိတ်ကာလမှရှိခဲ့သော ဆရာများနှင့် ခေတ်ပေါ်ဆရာများ၏ အနည်းငယ်သော ကိုယ်တိုင်ပြောဆိုချက်များမှလည်း မဟုတ်ပါ။တစ်ခါတစ်ရံ ထိုပြောဆို ချက်များကို မရိုးသားစွာ ကိုးကားကြလျှက် (သို့) အဓိပ္ပါယ်ပျက်စီးစေလျှက် ပထမရေးသားချက်၏ အဓိပ္ပါယ်မှ ကွဲလွဲစွာ ဖွင့်ဆိုချက်များအားဖြင့်လည်း မဟုတ်ပါ။သို့သော် လူသိရှင်ကြား ဝန်ခံယုံကြည်ကြသော အသင်းတော်များ ၏ ဝန်ခံချက်များနှင့် မှန်ကန်သော အယူဝါဒမှ ဆုံးဖြတ်ကြခြင်းဖြစ်သည်။ငှင်းကို အထွေထွေညီလာခံကြီးသို့ တက်ရောက်သူ အယောက်တိုင်းက တစုတဝေးတည်း တခဲနက် သဘောတူကြပါသည်။ထို့အပြင် မဟုတ်တမ်းတရား ပြောဆိုကြသူများကို ဘုရားသခင်၏ ကြောက်မက်ဖွယ်တရားစီရင်ခြင်းက စောင့်နေကြောင်း ဆင်ခြင်မိကြရန် သတိပေးပါသည်။အဘယ်ကြောင့်ဆိုသော် အသင်းတော်များက ဝန်ခံကြသော ဝန်ခံချက်များကို ဆန့်ကျင်လျှက် မှားယွင်းသော သက်သေများကို ယူဆောင်ကြ၍ငှင်း၊ အားနည်းသူတို့၏ သြတ္တပ္ပစိတ်များကို ပင်ပန်းစေ၍ငှင်း၊ မှန်ကန်စွာ သစ္စာရှိကြသည့် လူ့အဖွဲ့အစည်းကို သံသယများဖြစ်ပွားစေ၍ငှင်း ဖြစ်၏။နောက်ဆုံး၌ ညီလာခံကြီးက သခင်ခရစ်တော်၏ ဧဝံဂေလိတရားအားဖြင့် ညီအကိုဖြစ်ကြသူများအား ဤအယူဝါဒမှန်ကို ဘုရားတရားရိုသေစွာ၊ ဘာသာတရားကိုင်းရှိုင်းစွာနှင့် ကိုင်တွယ်ကြလျှက် ဘုရားသခင်၏ နာမတော် ဘုန်းတော်ထင်ရှားရန်၊ သန့်ရှင်းသော အသက်တာ၌ အသက်ရှင်ကြရန်၊ နာကျင်နေသော ဝိညာဉ်များကို နှစ်သိမ့်မှုရစေရန် အသင်းတော်များနှင့် တက္ကသိုလ်များတွင် သွန်သင်ညွှန်ပြကြမည်အကြောင်း၊ ဟောပြောပို့ချကြမည်အကြောင်း၊ ရေးသားကြမည်အကြောင်း တိုက်တွန်းပါသည်။ထိုသို့ပြုရာ၌ သူတို့၏ ခံစားမှုများ၌သာမက၊ စကားများသည်လည်း သမ္မာကျမ်းစာနှင့် ကိုက်ညီစွာ ယုံကြည်ခြင်း၏ ထပ်တူညီမျှမှုအတိုင်း ပြုကြရန် တိုက်တွန်းပါသည်။ ထို့အပြင် သမ္မာကျန်းစာ၏ စစ်မှန်သော အနှစ်သာရကို သေချာစေရန် လိုအပ်သည့် အကန့်အသတ်ထက် ကျော်လွန်၍ အသုံးပြုသော စာပိုဒ်များကိုလည်း ရှောင်ရှားကြရန် တိုက်တွန်းပါသည်။ထိုသို့အားဖြင့် ပြန်လည်ပြုပြင်သော အသင်းတော်များ၏ အယူဝါဒအား ပြင်းထန်စွာ တိုက်ခိုက်ခြင်း (သို့) သွားပုတ်လေလွင့် ပြောဆိုခြင်းတို့ကို ပြုလုပ်ကြသော မောက်မာလှ သည့် စောဒကတက်သူဆိုဖစ်များကို ဖြောင့်မှန်သော ဆင်ခြေတခု ပေးနိုင်မည်ဖြစ်သည်။

ခမည်းတော်ဘုရား၏ လက်ျာဘက်၌ ထိုင်တော်မူသော ဘုရားသခင်၏သားတော် သခင်ယေရှုခရစ်တော် သည် လူအများကို ဆုကျေးဇူးများ ပေးတော်မူပါစေသော်၊ မှားယွင်းသောသူများထံ အမှန်တရားကို ဆောင်ယူပေး တော်မူပါစေသော်၊ မှန်ကန်သောအယူဝါဒကို သွားပုတ်လေလွင့် ပြောဆိုသူများ၏ ပါးစပ်များကို ပိတ်တော်မူပါစေ သော်၊ သစ္စာရှိသော အမှုဆောင်သင်းအုပ်များကို ဉာဏ်ပညာနှင့် ဆင်ဆင်ခြင်ခြင်ရှိခြင်း၏

ဝိညာဉ်၌ ခံနိုင်ရည်ရှိစေ တော်မူပါစေသော် ထိုသို့ဖြင့် သူတို့၏ ရေးသားချက်များအားလုံးသည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားဖို့ရန် ဖြစ်လာပါစေသော်၊ ကြားရသူအပေါင်းအား တည်ဆောက်စရာ ဖြစ်တော်မူပါစေသော်၊ အာမင်။

ဤသည်တို့သည် ကျွန်ုပ်တို့၏ယုံကြည်ချက် ဖြစ်ပါကြောင်း သေချာစေသည့်အနေနှင့် ကျွန်ုပ်တို့၏ အမည် နာမများကို ရေးထိုးကြပါသည်။

အောက်ပါတို့မှာ သူတို့၏အမည်များ ဖြစ်ကြပါသည်။ ဥက္ကဌနှင့်လက်ထောက် ဥက္ကဌ၊ အထွေထွေညီလာခံ ကြီး၏ အတွင်းရေးမှူးများ၊ ဒတ်(ချ်)အသင်းတော်များမှ သီဩလော်ဂျီ ပရော်ဖက်ဆာများသာမကပါ၊ ညီလာခံသို့ လာရောက်ကြသော ကိုယ်စားလှယ်အဖွဲ့ဝင်များ အားလုံးလည်း ပါဝင်သည်။ ၎င်းတို့ကို သူတို့၏ အသင်းတော် များက ကိုယ်စားလှယ်များ အဖြစ်နှင့် စေလွှတ်ကြခြင်းဖြစ်သည်။ ၎င်းတို့မှာ ဂရိတ်ဗြိတိန်မှ ကိုယ်စားလှယ်များ အီလက်တိုရယ်ပလက်တီနိတ်မှ ကိုယ်စားလှယ်များ၊ ဟက်ဆီးယာမှ ကိုယ်စားလှယ်များ၊ ဆွစ်ဇာလန်မှ ကိုယ်စားလှယ်များ၊ ဝက်တာရောမှ ကိုယ်စားလှယ်များ၊ ဂျီနီဗာမြို့ပြနိုင်ငံနှင့် အသင်းတော်မှ ကိုယ်စားလှယ်များ၊ ဗရီမင် မြို့ပြနိုင်ငံနှင့် အသင်းတော်မှ ကိုယ်စားလှယ်များ၊ အမ်ဒင်း မြို့ပြနိုင်ငံနှင့် အသင်းတော်မှ ကိုယ်စားလှယ်များ၊ ဂဲလ်ဒါလင်းပြည်နယ်မှ ကိုယ်စားလှယ်များ၊ ဇုဖန်းပြည်နယ်မှ ကိုယ်စားလှယ်များ၊ တောင်ပိုင်း ဟော်လန်ပြည်နယ်မှ ကိုယ်စားလှယ်များ၊ မြောက်ပိုင်းဟော်လန်နယ်မှ ကိုယ်စားလှယ်များ၊ ဇီးလန်ပြည်နယ်မှ ကိုယ်စားလှယ်များ၊အူထရက်ပြည်နယ်မှ ကိုယ်စားလှယ်များ၊ ဖရစ်လန်းပြည်နယ်မှ ကိုယ်စားလှယ်များ၊ ထရန်ဆီလ်ဗေနီးယားပြည်နယ်မှ ကိုယ်စားလှယ်များ၊ ပြင်သစ်အသင်းတော်များဖြစ်ကြသည့် ဂရိုနင်းဂန်နှင့် အုမ်လန်း ပြည်နယ်မှ ကိုယ်စားလှယ်များ၊ ဒရင့်ပြည်နယ်မှ ကိုယ်စားလှယ်များ ဖြစ်ကြပါသည်။

ဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂဂ